mgyoe.com

SAMPLE BOOK

MOMENTUM
Book Publishing

# သားကပ်ဖကာ

ဒီနိုဗို (မြန်မာပြန်)


ဒုတိယအကြိမ်

# The Sons

Franz Kafka

ကျွန်တော့်မှာ အဖေ့ကို တိုင်တန်းခွင့် မရတဲ့အတွက်
ကျွန်တော်ပြောချင်တာတွေ စာထဲပဲ အကုန်သွန်ချနေမိတယ်

mgyoe.com SAMPLE BOOK



9 789997 169044

mgyoe.com

*Cover Design by SMN*

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# သားကပ်ဖကာ

ဒီနိုပို (မြန်မာပြန်)

# The Sons

Frank Kafka

MOMENTUM Book Publishing

Momentum Book Publishing

၀၉ ၄၂၀၃၀ ၇၀၃၀ / ၀၉ ၇၃၀ ၄၄၈၁

mgyoe.com

mgyoe.com SAMPLE BOOK


**သားကပ်ဖကာ**
ဒီနီဗို
(မြန်မာပြန်)

**<u>ပုံနှိပ်မှတ်တမ်း</u>**

**ဒုတိယအကြိမ်**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ
(ပထမအကြိမ် - ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ)

**မျက်နှာဖုံးဒီဇိုင်း**
**SMN**

**အုပ်ရေ**
၅၀၀

အမှတ် ၁၄၇၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ရှိ ဦးတင်အောင်ကျော် ၏ **စွယ်တော်** ပုံနှိပ်တိုက်(၀၀၄၁၁)တွင် ပုံနှိပ်ပြီး

အမှတ် ၁၅/၄၃၅၊ ဦးဖိုးကျားလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ ဦးစိုးမင်းနိုင် ၏ **Momentum Book Publishing** (၀၀၄၆၈) က ထုတ်ဝေဖြန့်ချိသည်။

**တန်ဖိုး** - ၁၄၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | အမှတ်တရစကား | ၅ |
| | အဖွင့်မိတ်ဆက် | ၉ |
| ၁။ | အဖေ့ထံပေးစာ | ၁၉ |
| ၂။ | စီရင်ချက် | ၈၃ |
| ၃။ | အသွင်ပြောင်းခြင်း | ၁၀၁ |
| ၄။ | မီးထိုးသမား | ၁၆၅ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှတ်တရစကား

ဘာသာပြန်ချင်စိတ်၊ စာရေးချင်စိတ် ပျောက်ဆုံးနေခဲ့တာ အတော်ကြာခဲ့ပြီဖြစ်သည်။ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေထဲမှာ ဘာသာပြန်ခြင်းအလုပ်ကို ယန္တရားဆန်လာသလိုလို ခံစားမိသောကြောင့်လည်း ပါသည်။ အလုပ်တစ်ခုကို ထပ်တလဲလဲ လုပ်လာသောအခါ အလေ့အကျင့်ရလာသဖြင့် မြန်ဆန်ချောမွေ့ လာတာလည်း အမှန်ပင်၊ တစ်ဖက်မှာလည်း လုပ်နေကျအတိုင်း ရေးနေကျ အတိုင်းရေးနေမိပြီး တီထွင်ဖန်တီးမှုအပိုင်းက တဖြည်းဖြည်း နည်းလာတာလည်း သဘာဝပင်။ သည့်အတွက် ဘာသာပြန်ခြင်းအလုပ်ကို စိတ်ပါမှပြန်လုပ်မည်ဟုပဲ မှတ်လိုက်တော့သည်။

သည်ကြားထဲမှာ အေးအေးလူလူ စာပဲဖတ်နေမိသည်။ ဘာသာပြန်ဖို့ကို ခေါင်းထဲမထည့်ဘဲ ရိုးရိုးသားသားပဲ ဖတ်နေတော့သည်။ သည်အထဲမှာ ကပ်ဖကာ၏ စာများလည်းပါသည်။ သူ့ အရေးအသားတွေကတော့ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် မူကွဲတွေ အများကြီး။ သူများတွေ ဘာသာပြန်တာကို စိတ်ဝင်စားသဖြင့် မူကွဲတွေ အတော်များများကို လက်လှမ်းမီသလောက် လိုက်ဖတ်ဖြစ်သည်။ သည်မှာ စိတ်ဝင်စားဖွယ်ရာ ဘာသာပြန်ခြင်း အနုပညာတစ်ရပ်ကို ခံစားရသည်။ ဘာသာပြန်သမားတစ်ယောက်၏ ဖန်တီးနိုင်မှု



mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်းကိုသွားတွေ့ရသည်။

တကယ်တော့ သူ့ဝတ္ထု အတော်များများက မြန်မာဘာသာဖြင့် ပြန်ဆိုထားပြီးသား။ ပြောရလျှင် ထပ်မံပြန်ဆိုဖို့မလိုအပ်တော့။ ကပ်ဖကာကို ဖတ်ဖူးတယ်လို့ ပြောနိုင်ရုံလောက်အတွက်တော့ နောက်ထပ် ဘာသာပြန်မူကွဲတစ်ခုကို ဖတ်စရာမလို။ သို့သော် ကပ်ဖကာ၏စာများကို အသေအချာလေ့လာချင်သူများအတွက်တော့ ဘာသာပြန်မူကွဲများကို နှိုင်းယှဉ်ဖတ်ရှုဖို့ လိုပါသည်။ တစ်ခါတစ်ရံ ပြောပုံဆိုပေါက် စကားအသုံးအနှုန်းလေး ဝါကျအပြောင်းအလဲလေး တစ်ခုကလည်း ဝတ္ထုတစ်ပုဒ်လုံး၏ အနှံ့အရသာကို အကြီးအကျယ် ပြောင်းလဲစေပါသည်။ ဇာတ်ကောင်များ၏ ဆက်ဆံရေး၊ ဆက်နွယ်မှု၊ အနေအထား၊ လွှမ်းမိုးနိုင်မှု စသည်များကို ပြဋ္ဌာန်းနိုင်ပါသည်။ သည့်အတွက် ဘာသာပြန်သမား၏ ပြန်လည်ရေးသားဖန်တီး စီရင်နိုင်မှုက အတော့်ကို အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေခဲ့သည်ဟု ထင်မြင်မိပါသည်။ လုံးဝပြည့်စုံကောင်းမွန်သည့် ဘာသာပြန်လက်ရာ ဆိုသည်မှာလည်း မရှိနိုင်သည့်အတွက် မူကွဲများကို ယှဉ်တွဲဖတ်ရှုခြင်းဖြင့် မူရင်းစာကို ပိုမိုနားလည် ခံစားနိုင်လိမ့်မည်ဟု ယူဆပါသည်။

ကပ်ဖကာ၏ စာများမှာ နဂိုတည်းက နားလည်ရခက်လှပါသည်။ ဝေဖန်ရေးသီအိုရီအမျိုးမျိုးဖြင့် ချဉ်းကပ်ဖွင့်ဆိုကြသည့်အခါ ထိုသီအိုရီများ ကိုယ်၌က ခက်ခဲပြီး သာမန်ပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသည့်အတွက် ပိုမိုခက်ခဲ လေးလံလာတာပဲ ရှိသည်။ သည့်အတွက် ကပ်ဖကာ၏ ဖခင်ထံပေးစာပေါ် အခြေခံပြီး သူတို့သားအဖကြား ဆက်ဆံရေးနှင့် သူ၏ဝတ္ထုဖန်တီးမှုအပိုင်း ဆက်နွယ်နေမှုကို မီးမောင်းထိုးပြထားသည့် The Sons ကို အဓိက မှီငြမ်းကာ အထက်တွင် ပြောခဲ့သလို တခြားဘာသာပြန်မူများနှင့် တိုက်ဆိုင်စစ်ဆေးပြီး အဆီလျော်ဆုံး ဖြစ်အောင်ပြန်ဆိုခဲ့ပါသည်။ ထိုဘာသာပြန်မူများစာရင်းကိုလည်း တွဲလျက်ဖော်ပြလိုက်ပါသည်။

ဒီနိုမို

mgyoe.com

mgyoe.com SAMPLE BOOK

သားကပ်ဖကာ ကို ဘာသာပြန်ရာတွင် တိုက်ဆိုင်စစ်ဆေးခဲ့သည့် ဘာသာပြန်မှုများ

(1) The Sons
(Translated by Edwin and Willa Muir, Ernest Kaiser and Eithne Wilkins)

(2) The Metamorphosis,
In the Penal Colony and Other Stories
with two new stories
(Translated by Joachim Neugrochel)

(3) The Metamorphosis and other stories
(Translated by Donna Freed)

(4) The Metamorphosis and other stories
(new translation by Joyce Crick)

(5.) The Metamorphosis
(Translated by Susan Bernofsky)

(6) The Metamorphosis
(Translated by Stanley Corngold)

(7) The Metamorphosis
( Translated by Ian Johnston)

mgyoe.com

mgyoe.com
SAMPLE BOOK.
mgyoe.com

mgyoe.com SAMPLE BOOK

# အဖွင့်မိတ်ဆက်

"ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်" ဟု ဖရန့် ကပ်ဖကာက ၁၉၁၃ ခုနှစ်တွင် သူ၏ထုတ်ဝေသူ ကာ့ဒ်ဗိုက်ဆီကို စာတစ်စောင် ရေးသားခဲ့သည်။ စာထဲတွင် 'မီးထိုးသမား'၊ 'အသွင်ပြောင်းခြင်း' နှင့် 'စီရင်ချက်' တို့ကို 'သားများ' ဆိုသည့် ခေါင်းစဉ်နှင့် စုစည်းထုတ်ဝေပေးဖို့ တောင်းဆိုထားသည်။ ထိုသုံးပုဒ်မှာ တစ်ခုနှင့်တစ်ခု အသွင်အပြင်ထူးခြားသည့် ဆက်နွယ်မှု တစ်ခု ရှိနေသည့်အတွက် တစ်ပေါင်းတစည်းထဲ ထုတ်ဝေပေးဖို့ သူက တိုက်တွန်းထားသည်။ သို့သော် ထိုအချိန်က ကပ်ဖကာမှာ လူမသိသူမသိ စာရေးဆရာတစ်ယောက်သာ ဖြစ်သည့်အတွက် သူ့စိတ်ကူးမှာ ဖြစ်မလာခဲ့။

၇၅ နှစ် ကြာပြီးနောက်မှသာ ထိုဝတ္ထုသုံးပုဒ်ကို ဘာသာပြန်လက်ရာအသစ်နှင့် သူ မူလရည်ရွယ်သည့် ခေါင်းစဉ်အတိုင်း ထုတ်ဝေနိုင်ခဲ့သည်။ သူ ရေးခဲ့သမျှထဲတွင် ထိုသုံးပုဒ်မှာ စာပေအရကော ပုဂ္ဂိုလ်ရေးအရပါ ထူးထူးခြားခြား အရေးပါလှသည်။ သူ့မှာ နှစ်ပေါင်းများစွာ အရေးအသားပိုင်းဆိုင်ရာ အားထုတ်ခဲ့သော်လည်း အရာမထင်ခဲ့။ ၁၉၁၂ ဆောင်းဦးနှင့် ဆောင်းရာသီတွင်မှ ရုတ်တရက် ဈာန်ဝင်နိုးကြားကာ ထိုဝတ္ထုသုံးပုဒ်ကို ရေးသားနိုင်ခဲ့သည်။ စက်တင်ဘာ ၂၂ ရက်တွင် ညတွင်းချင်း အပြီးထိုင်ရေးခဲ့သည့် 'စီရင်ချက်' ဝတ္ထု

mgyoe.com

m g y o e . c o m SAMPLE BOOK
မှာ သူ့အမြင်တွင် လုံးဝပြီးပြည့်စုံသည့် ဝတ္ထုပင်။ တကယ့် စာပေအောင်ပွဲတစ်ခုဟု သူထင်သည်။

သူရေးခဲ့သည့် ဝတ္ထုတော်တော်များများကို အပြီးမသတ်သေးသည့် တစ်ပိုင်းတစ်စ လက်ရာများဟုသာ သူက သဘောထားသည်။ သူ့ ချစ်သူဖိလစ်စေးဘောင်ရာထံ ရေးသည့်စာတွင် 'စီရင်ချက်' ဝတ္ထုတွင် အငြင်းပွားဖွယ်မရှိ၊ ပင်ကိုယ်သဘာဝ စစ်မှန်မှုရှိသည့်အတွက် သူ့ညီမတွေနှင့် အပေါင်းအသင်းများကိုဖတ်ပြရင်း မျက်ရည်ပင်လည်မိသည်ဟု ဆိုသည်။ 'အသွင်ပြောင်းခြင်း' မှာလည်း ကပ်ဖကာ၏ လူသိအများဆုံးဝတ္ထုဖြစ်လာခဲ့ပြီး မော်ဒန်ဝတ္ထုအကြောင်းပြောလျှင် မပါမဖြစ်သည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဝတ္ထုမှာ သုံးခန်းပြဇာတ်တစ်ပုဒ်လို ရေးထားပြီး ကပ်ဖကာ၏ ဂန္ထဝင်အမြောက်ဆုံး အပြီးသတ်လက်ရာတစ်ခု ဖြစ်ခဲ့သည်။ 'မီးထိုးသမား' ကတော့ ကပ်ဖကာကိုယ်တိုင်အတော်လေးငြိသည့် ဝတ္ထုတိုလေးတစ်ပုဒ်ဖြစ်ပြီး သူက ဝတ္ထုဆိုတာထက်အရေးအသား အပိုင်းအစတစ်ခုဟုသာ သဘောထားသည်။ ဗိုက် က ၁၉၁၃ ခုနှစ်တွင် သူ့ချည်းသက်သက် ဖော်ပြခဲ့ဖူးသလို အမေရိကဝတ္ထု၏ ပထမဆုံးအဖွင့်ခန်းအနေဖြင့်လည်း ထုတ်ဝေခဲ့သည်။ သည်တော့ သည်ဝတ္ထုသုံးပုဒ်က သူ့အကြိုက်ဆုံး၊ အားအရဆုံး ဝတ္ထုတွေပဲဆိုပါတော့။ ထိုသုံးပုဒ်၏ ထူးခြားသည့်ဆက်နွယ်မှုက ဘာပါလဲ။

ကပ်ဖကာ ပေးချင်သည့် စာအုပ်ခေါင်းစဉ် 'သားများ' က ထိုဝတ္ထုသုံးပုဒ်၏ ထင်ရှားသည့် ဆက်နွယ်မှုကို မီးမောင်းထိုးပြနေခဲ့သည်။ ဝတ္ထု သုံးပုဒ်လုံး၏ ဇာတ်ကောင်များက သားများဖြစ်ကြသည်။ သူ့ဇာတ်ကောင် သားများမှာ တစ်ယောက်က သေဒဏ်စီရင်ချက်နှင့် ကြုံရသည်၊ တစ်ယောက်က ကြောက်စရာပိုးကောင်ကြီး ဖြစ်သွားသည်၊ တစ်ယောက်က အိမ်မှ တစ်နယ်တစ်ကျေးသို့ အနှင်ခံရသည်။ သည်တော့ အကြောင်းအရာက ရက်စက်မှုနှင့် ပုံမှန်မဟုတ်သည့် အပြစ်ပေးမှုများကို သီးသန့်ထုတ်ပြထားသည်။ အဖေနှင့် သားကြားကမျိုးဆက်ကွာဟမှု ပဋိပက္ခကို အလေးပေး ပြောဆိုထားသည်။

နောက်ထပ် စဉ်းစားစရာရှိသည်က 'သားများ' ဝတ္ထုတိုတွေ ရေးသားခဲ့သည့် အချိန်ကာလ။ 'စီရင်ချက်' နှင့် ပတ်သက်ပြီး ကပ်ဖကာ၏ နေ့စဉ်မှတ်တမ်းတွင် 'ထုံးစံအတိုင်း ဖရိုဒ် နဲ့ ပတ်သက်ပြီး တွေးမိတာတွေပေါ့' ဟု ရေးသားထားသည်။ ဖရိုဒ်က ထိုနှစ်တွင်ပင် အဖေနှင့်သား ပဋိပက္ခနှင့် ပတ်သက်ပြီး Totem and Taboo ဆိုသည့် အက်ဆေး တစ်ပုဒ်ရေးခဲ့သည်။ သည် အဖေနှင့်

mgyyae.com SAMPLE BOOK

သား အကြောင်းအရာက ကပ်ဖကာနှင့် အတော်လေးဆက်နွယ်သည့် ဂျာမန် အိပ်ပရက်ရှင်ဝါဒ လှုပ်ရှားမှုများ၏ အခြေခံအကြောင်းအရာလည်း ဖြစ်နေခဲ့သည်။ လူငယ် အိပ်ပရက်ရှင်းနစ်ကဗျာဆရာ ဝါတာ ဟန့်စ် ကလဲဗား က သား ဆိုသည့်နာမည်ဖြင့် ပြဇာတ်တစ်ပုဒ် ရေးသားခဲ့ပြီး ထုတ်ဝေသူ ကာ့ဒ်ဗိုက်က သူ၏ စာပေဂျာနယ်တွင် ဖော်ပြခဲ့သည်။ ထိုဂျာနယ်တွင် နောက်တစ်နှစ်အကြာ အသွင်ပြောင်းခြင်း ဝတ္ထုကို ဖော်ပြခဲ့သည်။ သည်တော့ သားများက ထိုနောက်ခံအခြေအနေ၏ လွှမ်းမိုးမှု ပယောဂများ ပါနေခဲ့ပါသလား၊ စဉ်းစားစရာ။

သို့သော် ကပ်ဖကာ၏ သားများက ဖရိဒ်တို့ အိပ်ပရက်ရှင်းနစ်စ်တို့၏ သူရဲကောင်းဆန်သည့် စရိုက်မျိုးမဟုတ်၊ အဖေကို ပြန်လည်ပုန်ကန်ဖို့ ငြင်းဆိုထားကြသူများ ဖြစ်နေခဲ့သည်။ သူ၏သားများက သေလျှင်သေ၊ မဟုတ်လျှင်လည်း နှင်ထုတ်ခံကြရသည်၊ သို့သော် သူတို့က ကံကြမ္မာကို ဒီအတိုင်းလက်ခံထားကြသည်။ သူတို့အပေါ် ကျူးလွန်သူများကို မကျေမချမ်းဖြစ်တာမျိုး မရှိ၊ သူ့အဖြစ်သူ ဝမ်းနည်းစိတ်မကောင်း ဖြစ်တာမျိုးမရှိ။ 'အသွင်ပြောင်းခြင်း' ၌ ရယ်စရာအကောင်းဆုံးအဖြစ်က ပိုးကောင်ကြီးအဖြစ် ပြောင်းလဲသွားခြင်း မဟုတ်၊ သူ့ကံကြမ္မာကို ဒီအတိုင်း လက်ခံထားလိုက်ခြင်းသာ ဖြစ်နေခဲ့သည်။ သူ့မှာ ဘာကြောင့်များ ဒီလို အသွင်ပြောင်းသွားသလဲဆိုသည့် ဖြစ်နိုင်သည့် အကြောင်းများကို တစ်ခါမျှ ပြန်လည်မဆန်းစစ်၊ မူလရုပ်သွင်ရအောင် ဘယ်လိုပြောင်းလဲရမလဲဆိုတာ မစဉ်းစား၊ မသေခင်လေး ငြိမ်းငြိမ်းချမ်းချမ်း မြောနေသည့်အခြေအနေတွင် မိသားစုကို ချစ်ခင်ကြင်နာခဲ့ကြောင်းသာ ပြန်ပြောင်းတွေးတောသွားခဲ့သည်။ 'မီးထိုးသမား' ဝတ္ထုထဲက ကားလ်မှာလည်း သူ့ ဦးလေး ပြောသလို အိမ်ကနေ မလိုချင်တော့သည့် ကြောင်တစ်ကောင်လို မောင်းထုတ်ခံလိုက်ရသော်လည်း သူ့မိဘတွေအပေါ် အဆိုးမမြင်၊ ချစ်ခင်လျက်ပင်၊ 'စီရင်ချက်' ထဲက ဂီရော့ ဘန်ဒီမန်း ဆိုလျှင်လည်း အတော်လေး နာခံရိုကျိုးသည့်သားတစ်ယောက်၊ သူ့အဖေက ရုတ်တရက် ဘာရှင်းလင်းချက်မှ မပေးဘဲ ရေနစ်သေဖို့ စီရင်ချက်ချလိုက်သည့်အခါ သူ့မှာ တစ်ချက်လေးမှ မစဉ်းစားဘဲ အခန်းထဲက ပြေးထွက်ပြီး အနီးအနားက တံတားတစ်ခုဆီသွားကာ ရေထဲသို့ ခုန်ချသွားခဲ့သည်။ နောက်ဆုံး ရေထဲမခုန်ချခင်လေးတွင် သူ့မိဘတွေအပေါ် ဘယ်တော့မှ အချစ်မပြယ်ပါကြောင်း ရေရွတ်သွားခဲ့သေးသည်။

ကပ်ဖကာ၏ သားများက ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်း၊ ကိုယ့်အတိတ်က အမှားကို သတိပြုမိခြင်း ကင်းမဲ့နေကြကာ သူတို့ကိုယ်သူတို့

mgyyae.com

mgyoe.com SAMPLE BOOK

လည်း ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိကြ။ သူတို့မှာ အပြစ်ပေးခံထားရသည့် စိတ်ဒဏ်ရာကြောင့် အပြည့်အဝလူကြီးမဖြစ်လာဘဲ အထိတ်တလန့်ကြုံရသည်နှင့် ကလေးငယ်လေးတစ်ယောက်၏ စိတ်ခံစားမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးအဆင့်ကို ပြန်လည်ရောက်ရှိသွားကြသည်။ 'စီရင်ချက်' တွင် အထိတ်တလန့်ဖြစ်မှုက ဝတ္ထုအလယ်လောက်မှ ပေါ်လာသည်။ သူ့အဖေ ခုတင်ပေါ် ထ ရပ်လိုက်သည်ကိုကြည့်ပြီး သူ့မှာ ကလေးတစ်ယောက်လို ချောင်ကိုကပ်သွားကာ စိတ်မှာ ဝေခွဲမရဖြစ်နေခဲ့သည်။ 'အသွင်ပြောင်းခြင်း' မှာတော့ အထိတ်တလန့်ဖြစ်မှုက ဇာတ်လမ်းအစကတည်း ပေါ်လာပြီး ဂရီဂေါ် စမ်းဆာမှာ လုံးဝပြောင်းလဲသွားသည့် ဘဝထဲမှာ အလုပ်မသွားဖို့ အကြောင်းပြချက်ရသွားပြီး အခန်းထဲမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နှင့် ကလေးတစ်ယောက်လို အရာရာကို စူးစမ်းနေမိသည်။

ကလေးငယ်လေးလို သူ၏ ခန္ဓာကိုယ်အသစ်ကို စမ်းသပ်လှုပ်ရှားနေခဲ့သည်။ ကလေးဘဝ၏ ပျောက်ဆုံးသွားသောနိဗ္ဗာန်ဘုံကို ပြန်ရောက်နေခဲ့သည်။ 'မီးထိုးသမား' မှာတော့ အထိတ်တလန့်ဖြစ်မှုက ဇာတ်လမ်း မစခင်ကတည်းက ဖြစ်ခဲ့ပြီးသား၊ ကားလ် ရော့စမန်မှာ အိမ်ဖော်မိန်းမ၏ ဖျားယောင်းခံရပြီး တစ်ပြည်တစ်ရွာကို အပို့ခံလိုက်ရသည်။ သူ့မှာ အရွယ်ရောက်ကာစ ဒီလိုတွေ့ကြုံရပြီး ကလေးတစ်ယောက်အဖေ ဖြစ်လာသော်လည်း ကလေးဆန် ရိုးအမှုက ရှိနေသေးပြီး ပတ်ဝန်းကျင်က လူကြီးများ၏ စော်ကားမှုနှင့် အကာအကွယ်ပေး စောင့်ရှောက်မှုကို တစ်လှည့်စီ ကြုံခဲ့ရသည်။

ဤကဲ့သို့ စိတ်ခံစားမှုပိုင်းဆိုင်ရာ ရင့်ကျက်လာခြင်း မရှိသည့်အတွက် ကပ်ဖကာ၏ သားများမှာ အတော်လေး အဓိပ္ပါယ်ဖော်ရခက်လှသည်။ ပုံမှန်အားဖြင့် ထိုကဲ့သို့ မိမိကိုယ်ကို သတိပြုမိမှုကင်းမဲ့နေခြင်းက တကယ့်ကိုကြေကွဲစရာပင်။ သို့သော် သူတို့မှာ ဒီလိုကင်းမဲ့နေသည့်အတွက် အစဉ်အမြဲသားတစ်ယောက်အဖြစ် မိသားစု၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်နေခဲ့သည်။ ဘယ်တော့မှ ပြည့်ဝရင့်ကျက်သည့် တစ်စုံတစ်ယောက် ဖြစ်မလာ။ ကပ်ဖကာ၏ ခေါင်းစဉ် 'သားများ' က သူ့ဇာတ်ကောင်များကို မိသားစု၏ အကြီးအကျယ် ထိန်းချုပ်လွှမ်းမိုးခံရသည့် ကလေးများအဖြစ်ကိုသာ ပြနေခဲ့သည်။

ထို့အတွက် သူ့ဇာတ်ကောင်များမှာ ပုဂ္ဂလတစ်ဦးချင်းထက် မိသားစုသာဖြစ်သည်ဟု တချို့ကဆိုကြသည်။ တစ်ဖက်က ပြန်ကြည့်လျှင်လည်း ထိုဝတ္ထုများကို ရေးသားနေစဉ်ကာလတွင် ကပ်ဖကာမှာ ဘာလင်ရှိ ဖီလစ်စေး

mgyoe.com

mgyee.com SAMPLE BOOK

ဘောင်ရာဆိုသည့် အမျိုးသမီးနှင့်စေ့စပ်ပြီး မိသားစုထဲကနေ ရုန်းထွက်ဖို့ လုပ်နေသည့်ကာလ၊ ထိုအချိန်ကာလ သူမထံရေးခဲ့သည့် စာများ၊ နေ့စဉ်မှတ်တမ်းများတွင် သူ့မှာ ကိုယ်ပိုင်အချိန်လေးတွင် စာရေးဖို့ ကြိုးစားသော်လည်း မိသားစုက သိပ်ကိုစွက်ဖက်လွန်းကြောင်း ခါးခါးသီးသီး ရေးသားထားသည်။

၁၉၁၂ အောက်တိုဘာတွင် သူ့အဖေ ဟာမန်း ကပ်ဖကာက သူ့ကို မိသားစုပိုင် မီးခံပြားစက်ရုံကို ကူပြီးကြီးကြပ်ဖို့ အတင်းအကျပ်ခိုင်းသည့်အတွက် သူ့မှာ သတ်သေမိလုမတတ် ဖြစ်ခဲ့သည်။ ၁၉၁၂ နိုဝင်ဘာတွင် သူ့အမေက သူ့အင်္ကျီအိတ်အတွင်းမှ ဖိလစ်စေး၏စာကို တွေ့ပြီး ဖရန့်ကို အိပ်ချိန်စားချိန်မှန်ဖို့ ကူညီနေတာကို သိလိုက်ရသည်။ ဖရန့်မှာ သူ့စာကို ခိုးဖတ်ပြီး သူ၏ ပုဂ္ဂိုလ်ရေးကိစ္စကို ဝင်ရောက်စွက်ဖက်သည့်အတွက် အလွန်အမင်း ဒေါသထွက်ပြီး ဖိလစ်စေးထံရေးသည့်စာတွင် သူ့မိဘများကို နှိပ်စက်ညှဉ်းပန်းသူများအဖြစ် စွပ်စွဲရေးသားခဲ့သည်။ ထိုစာက သူနှင့် မိသားစုကြား ဆက်ဆံရေးကို ကောင်းကောင်း ဖော်ပြနေခဲ့သည်။

ဤသို့ သူကြုံတွေ့နေရသည့် အခြေအနေမှ မော်ဒန်မိသားစုဘဝအပေါ် ဆန်းစစ်သုံးသပ်မှုများကို သူ့စာများတွင် တွေ့လာရသည်။ သူ့သုံးသပ်ချက်က မိဘများသည် သားသမီးများကို တစ်ဖက်တွင် လူလားမြောက်အောင် ပျိုးထောင်နေသော်လည်း တစ်ပြိုင်ထဲတွင် ယခင်ခေတ်က မိဘစကားနားထောင်သော သားသမီးမျိုး ပုံသွင်းကာ အရွယ်ရောက် မကြီးပြင်းလာအောင် ပြန်လည်ဆွဲချနေခဲ့သည်။ သည်အချက်က 'သားများ' ၏ အဓိကအကြောင်းအရာပဲ ဖြစ်သည်။ သူ့အဖေက သူ့ကိုနမူနာယူပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်အောင်ကြိုးစားဖို့ တိုက်တွန်းနေသော်လည်း တစ်ချိန်ထဲမှာ မိဘစကားနားထောင်၊ မိဘစီစဉ်သည့်အတိုင်း လုပ်ပြီး မိဘကျေးဇူးသိတတ်သည့် သားသမီးဖြစ်ဖို့လည်း တောင်းဆိုနေခဲ့သည်။ "ငါ မင်းတို့ကို ပြောချင်တာက ပြောသမျှ နားထောင်တဲ့သူ မဖြစ်စေနဲ့" ဟု ပညာရေးနှင့် ပတ်သက်ပြီး ပြောကြသလိုမျိုး သူ၏ သင်ကြားမှုကိုယ်၌က အတွင်းဝိရောဓိ ဖြစ်နေခဲ့သည်။

ဤလိုအခြေအနေမျိုးကို 'စီရင်ချက်'တွင် အကောင်းဆုံး ဖော်ပြနိုင်ခဲ့သည်။ ဂီရော့ ဘန်ဒီမန်းမှာ တကယ့်စံပြ သားတစ်ယောက်၊ အိုမင်းလာသည့် အဖေကို စောင့်ရှောက်ရင်း မိသားစုလုပ်ငန်းကို ဦးစီးသည်၊ မကြာခင် အိမ်ထောင်ပြုပြီး မိဘမျိုးရိုး အမွေကို ဆက်ခံစေဖို့လည်း အသင့်၊ သို့သော် သူ့အဖေက သူ့နေရာဆက်ခံမှာကို ခွင့်ပြုရမည့်အစား ဖခင် အာဏာကို ပြန်တောင်း

mgyee.com SAMPLE BOOK

ယူကာ သူ့ကို အပြစ်တင်ရှုတ်ချခဲ့သည်။ အရွယ်ရောက် ရင့်ကျက်လုနီးပါး ဂီရော့မှာ ကျိုးနွံသော သားသမီးဘဝ ပြန်ရောက်ကာ နောက်ဆုံးတွင် တံတားပေါ်က ခုန်ချတဲ့အထိ မိဘစကားကို နားထောင်ခဲ့သည်။ နောက်ဆုံး ခုန်မချခင် တံတားပေါ် တွဲလောင်းခိုထားရင်း ငယ်စဉ်က မိဘတွေဂုဏ်ယူရသည့် ကျွမ်း ဘားသမား တစ်ယောက်လိုမျိုးပင် သူ့စိတ်ထဲမှာ ဖြစ်ပေါ်မိသည်။

ထိုနည်းတူစွာ 'အသွင်ပြောင်းခြင်း'နှင့် 'မီးထိုးသမား' ဝတ္ထုတို့တွင်လည်း သားများ လူလားမြောက်ကြီးပြင်းလာဖို့ မဖြစ်နိုင်ပုံကို သရုပ်ဖော်ရေးသားထားခဲ့သည်။ နယ်လှည့် အရောင်းကိုယ်စားလှယ် တစ်ယောက်အနေနှင့် လူလားမြောက်ပြီ ဖြစ်သည့် ဂရီဂေါ် စမ်းဆာမှာ အပြစ်ဆိုစရာ မရှိသည့် သားတစ်ယောက်၊ မိဘနှင့်အတူနေရင်း မိဘ၏ အကြွေးများကို ဆပ်ပေးနေသည့် သား၊ သူ့အပေါ် မှီခိုနေသည့် မိဘနှစ်ပါးနှင့် ညီမလေးအတွက် မလုပ်ချင်တော့ သည့်အလုပ်ကို ကြိတ်မှိတ်လုပ်နေသည့် သား။ သူ့ဆန္ဒ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပိုးကောင်ကြီးအဖြစ် အသွင်ပြောင်းသွားမှုက အရာရာကို ပြောင်းပြန်ဖောက်ထိုး ဖြစ်စေခဲ့သည်။ သူ့မိသားစုမှာ ရသည့်အလုပ် ထွက်လုပ်ကြရပြီး သူကတော့ အိမ်မှာ ကပ်စားနေရသူ ဖြစ်သွားခဲ့သည်။

ကြောက်စရာ ပိုးကောင်ကြီးအသွင်က ထုံးတမ်းစဉ်လာ ဘူဇွာ အသိုင်းအဝိုင်း (စာရေးကြီး၊ အိမ်ငှားသုံးယောက်)ကို ပြောင်လှောင် အရှက်ရစေပြီး အာဏာဖီဆန်မှုကို ပြသခဲ့သည်။ ဝတ္ထု၏ ဒုတိယပိုင်းတွင် ဂရီဂေါ်၏ မိမိကိုယ်ကို လွတ်မြောက်ဖို့ မိမိကိုယ်ပိုင် အဓိပ္ပါယ်သတ်မှတ်ဖို့ အားထုတ်မှုများက ပိုမိုလက်တွေ့ကျလာခဲ့သည်။ သူ၏လူသားဘဝ အလုပ်ကျွန်တစ်ယောက် ပုံရိပ်များက တစ်စတစ်စမှေးမှိန်လာပြီး သူ့ခန္ဓာကိုယ်က ပိုမိုပေါ့ပါး လွတ်လပ်လာခဲ့သည်။ သူ့မှာ မျက်နှာကြက်တွင် တွဲလွဲခိုရင်း သီချင်းလေးတငြိမ့်ငြိမ့်နှင့်။ တစ်ချိန်ထဲတွင် အသွင်ပြောင်းခြင်းက သူ၏ ကလေးတစ်ယောက်လို မှီခိုလိုမှု၊ ပျော့ညံ့အားနည်းမှုကို တိုးလာစေခဲ့သည်။ စံပြသားတစ်ယောက် အဖြစ်မှ ပျော်ရွှင်နေသည့် ပိုးကောင်ကြီးအဖြစ်၊ အပယ်ခံသားအဖြစ် ရောက်ရှိခဲ့ပြီး အဖေ၏ ပန်းသီးဖြင့် ပစ်ပေါက်မှုခံရကာ နောက်ဆုံးတွင် အိမ်ထဲမှလွှင့်ပစ်မှုကို ခံခဲ့ရသည်။ 'မီးထိုးသမား' တွင်လည်း ကားလ် ရော့စမန်မှာ အိမ်မှအဝေးပို့ခြင်းကိုခံရပြီး အရွယ်ရောက်သည့် လူတစ်ယောက်ဖြစ်လာဖို့ ဘယ်လိုအပြုသဘောဆောင်သည့် လုပ်ရပ်မှ မလုပ်ခဲ့။

စကားကို လိပ်ပတ်လည်အောင် မပြောနိုင်ဘဲ ကလေးတစ်ယောက်



mgyee.com

m gyee.com SAMPLE BOOK

ဉာဏ်ရည်နှင့် ထွားကြိုင်းသည့် ခန္ဓာကိုယ်ရှိသော မီးထိုးသမားမှာ ဖခင် မဆန်သည့် ဖခင်ဇာတ်ရုပ်ကို ဖော်ကျူးထားပြီး သူ၏မိသားစုကတော့ ဦးလေး ယားကော့ဗ် အနေနှင့်ပေါ်လာပြီး သူနှင့် မီးထိုးသမား၏ ဆက်ဆံရေးကို အလျင်အမြန်အဆုံးသတ်ပေးခဲ့သည်။ ဦးလေး ယားကော့ဗ်က သူ့ကို ချမ်းသာကြွယ်မှုနှင့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကိုပေးအပ်ခဲ့ပြီး ကားလ်ကတော့ ထိုပတ်ဝန်းကျင်မှ အမြဲလိုပြေးထွက်ဖို့ ကြံစည်နေခဲ့သည်။

ဤဝတ္ထုသုံးပုဒ်ထဲရှိ သားများ၏ မအောင်မြင်မှု၊ ကျရှုံးမှုတို့က စာရေးဆရာဖြစ်သည့် ကပ်ဖကာအတွက် အောင်မြင်မှုဖြစ်နေခဲ့သည်။ စာရေးဆရာတစ်ယောက်အနေနှင့် သူက ထိုသားများကို မွေးထုတ်ခဲ့သည်။ ဂီရော့ ဘန်ဒီမန်း၊ ဂရီဂေါ် စမ်းဆာ၊ ကားလ် ရော့စမန် ဆိုသည့် နာမည်အားလုံးမှာ သူ့နာမည်၏ ကုဒ်များပင်။ ကပ်ဖကာ ကိုယ်တိုင်ကလည်း သူ့ဇာတ်ကောင်တွေလို မိဘနှင့်အတူနေသည့် သားတစ်ယောက်၊ မိသားစု၏ အပြောင်းအလဲ မြန်မှု၊ ထင်ရာလုပ်မှုကို ခံနေရသည့် သူ၊ သို့သော် ဝတ္ထုထဲကဇာတ်ကောင်များ၏ သတ်သေမှု၊ ကြောက်စရာ ရုပ်သွင်ပြောင်းမှု၊ နယ်နှင်ခံရမှု စသည့်ကံကြမ္မာဆိုးများကို ရေးသားရာမှာတော့ သူက စာရေးဆရာအနေနှင့် အပေါ်စီးအနေအထား၊ ဖခင်တစ်ယောက် အနေအထားကနေ ရှိနေခဲ့သည်။ သူ့ စာထဲက ဇာတ်ကောင်များ၏ ဖခင်တစ်ယောက်ပမာ။ သည့်အတွက် 'စီရင်ချက်' ဝတ္ထု၏ နောက်ဆုံးစာကြောင်းကို ရေးသားပြီးသည့်အခါ သူ့မှာ စာရေးဆရာတစ်ယောက်အနေနှင့် မီးဖွားပြီးသည့် ခံစားမှု၊ ပြီးမြောက်ကျေနပ်မှု ( အော်ဂေဇဆံ) ကို ရခဲ့သည်ဟု သူ့ မိတ်ဆွေ မက်စ်ဗို့ ကို ပြောဖူးသည်။

ကပ်ဖကာအဖို့ သူ့အဖေဆီက လွတ်မြောက်ဖို့ အားထုတ်ရာတွင် ဒီဝတ္ထုများက တစ်စိတ်တစ်ပိုင်းပါသည်ကို သဘောပေါက်သည်။ ဖီလစ်စေးကို လက်ထပ်ဖို့က သူ့အစီအစဉ်ထဲ ပါသည်ဆိုပေမယ့် သူ့အဖို့ စာပေအားဖြင့် ဖခင်ကဏ္ဍယူရတာက ပိုအရေးပါသည်။ တစ်ဖန် အိမ်ထောင်ပြုပြီး တစ်အိုးတစ်အိမ် ထူထောင်ဖို့ရာလည်း သည်စာရေးဆရာဘဝ အောင်မြင်မှုက အခရာကျသည် မဟုတ်လား။ သူ အပြီးသတ်နိုင်လိုက်သည့် ဝတ္ထုများက သူ၏ အမှီအခိုကင်းမှု၊ စာပေလူလားမြောက်မှုနှင့် သူ၏ အနာဂတ်ဇနီးလောင်းနှင့် ပိုမိုနီးကပ်လာမှုကို ညွှန်းနေခဲ့သည်။ သားများဝတ္ထုတိုတွေကိုသာ သူအပြီးသတ်မရေးနိုင်ခဲ့လျှင် သူ ဖီလစ်စေးကို လက်ထပ်ဖို့အတွက် ချဉ်းကပ်ရဲမှာမဟုတ်။ သည့်အတွက် သူက ထိုဝတ္ထုများကို အမြန်ဆုံး စုစည်းထုတ်ဝေပြီး ဖီလစ်စေး

mgyee.com

mgyoe.com SAMPLE BOOK

နှင့် သူ့မိဘကို ပြချင်မိသည်။

သူ ရေးသားခဲ့သည့် ဝတ္ထုများကို သူ့ကလောင်နာမည်နှင့် ပုံနှိပ်ထုတ်ဝေပြီး သူ့သားများအဖြစ် လောကကြီးကို ပြချင်မိသည်။ ဤသို့ဖြင့် စာရေးခြင်းက တစ်စတစ်စ သူ့အဖေနှင့် တိုက်ပွဲဆင်နည်း တစ်မျိုးဖြစ်လာသည်။ သူဘယ်လိုပဲ စာတွေရေးရေး သူ့အဖေကတော့ မဖတ်၊ အိပ်ရာဘေးက စားပွဲပေါ်တင်ထားလိုက်ဟုသာ ပြောတတ်သည်။ ၁၉၁၉ နိုဝင်ဘာတွင် ဘုရားကျောင်းစောင့်၏ သမီးဖြစ်သူ ယူလီယာဝေါ ဟာစ်ဇက်နှင့် လက်ထပ်ဖို့ကိစ္စကို သူ့အဖေက ငြင်းဆိုလိုက်ပြီးနောက် စာမျက်နှာတစ်ရာကျော်ပါသည့် စာကို ရေးသားပြီး သူ၏ မအောင်မြင်သည့် စာပေဖန်တီးမှုများ၊ ပျက်ပြယ်ခဲ့သည့် စေ့စပ်ပွဲများအတွက် သူ့အဖေကို စွဲချက်တင်ကာ သူ့မှာ အသက် ၃၆ ရှိလာပြီ ဖြစ်သော်လည်း သားတစ်ယောက်အဖြစ် မိဘအိမ်မှာ နေနေရဆဲဖြစ်ကြောင်း ရေးသားခဲ့သည်။

လွန်ခဲ့သော ခုနစ်နှစ်က ရေးသားခဲ့သော 'သားများ' ဝတ္ထုတွေမှာလိုပဲ ဘူဇွာ မိသားစုဘဝကို ဝေဖန်ထားပြီး သားများ၏ ဝတ္ထုခေါင်းစဉ်များ၊ စကားပြောများ၊ ပုံရိပ်များကို ပြန်လည် အသုံးပြုထားသည်။ ကပ်ဖကာက သူ့အပေါ် အဖေဖြစ်သူ၏ စီရင်ချက်အကြောင်းပြောပြီး သူနှင့် သူ့အဖေမှာ ပိုးကောင်များလို တစ်ကောင်နှင့် တစ်ကောင် တိုက်ခိုက်ရုံတင်မက ရန်သူ၏သွေးကိုပါ စုပ်ယူကြောင်း ရေးသားခဲ့သည်။ စာ၏ နေရာအတော်များများတွင် ဝိရောဓိဖြစ်နေသည့် သားသမီးပျိုးထောင်ဆုံးမမှုကို ဖော်ပြရေးသားထားသည်။ သည့်အတွက် အမှီအခိုကင်းသည့် အိမ်တွင်းမိသားစုဘဝကို ပျိုးထောင်ဖို့ရာမဖြစ်နိုင်ပုံကို ထောက်ပြထားသည်။ သူ့အဖို့ လက်ထပ်ခြင်း၊ အိမ်ရာ ထူထောင်ခြင်း၊ မွေးဖွားလာသည့် သားသမီးများကို လက်ခံကာ ပျိုးထောင်ပေးခြင်း စသည်တို့ကို လူသားတစ်ယောက်အမြင့်ဆုံး ဖန်တီးနိုင်သည့် ဘဝအဖြစ်ယူဆပြီး ဟာမန်း ကပ်ဖကာ၏ သဘာဝက သူ့ကို ထိုနယ်မြေသို့ အခြေမချနိုင်အောင် ဟန့်တားခဲ့သည်၊ သူ့အဖို့ ထိုဘဝမျိုးက ဘယ်တော့မှ မရနိုင်သည့် ဒေင်ဥယျာဉ်တစ်ခုသာ ဖြစ်နေခဲ့တော့သည်။

အဖေ့ထံပေးစာနှင့် 'သားများ' ဝတ္ထုတိုများကို ယှဉ်တွဲဖတ်ရှုခြင်းဖြင့် သူ၏ အစောပိုင်းဝတ္ထုများမှာ တစ်နည်းတစ်ဖုံ ပုဂ္ဂိုလ်ရေးစာများ ဖြစ်နေသည်ကို သိနိုင်သည်။ ကိုယ့်ကိုယ်ကို စာပေဖြင့်ပြုလုပ်ထားသည်ဟု ကြေညာထားသည့် စာရေးဆရာတစ်ယောက်အဖို့ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် စာပေဖန်

mgyoe.com

mgyoe.com SAMPLE BOOK

တီးမှုကို ခွဲခြားဖို့ရာ မဆီလျော်လှ။ သို့ဖြစ်ရာ ကပ်ဖကာအနေနှင့် သူ၏ ပုဂ္ဂိုလ်ရေးဘဝ ပြဿနာများကို ညှိနှိုင်းဖို့ရာ သူ၏ ဝတ္ထုရှည်တိုများကို မကြာခဏသုံးခဲ့သည်။ သူ တစ်ခါက ဖိလစ်စေးကို ပြောဖူးသည်၊ သူ၏ကောင်းကွက်များကို 'အရှည်လျားဆုံး အသက်တာ၏ အရှည်လျားဆုံး စာ (အဖေ့ထံပေးစာ)' တွင် အရိပ်အမြွက် ဖော်ပြထားသော်လည်း 'ပျောက်ဆုံးသွားသော လူတစ်ယောက်' ဝတ္ထုတွင် ပိုပြီး ထင်ထင်ရှားရှားတွေ့နိုင်သည်ဟု ဆိုခဲ့သည်။

နောက်ပိုင်း သူတို့အခြေအနေက ရှေ့မတိုးနောက်မဆုတ် အနေအထားတွင် သူက သူမထံရေးသားသည့် စာထဲတွင် ဖိလစ်စေးကို သူမ အဖေ 'စီရင်ချက်' ကို ဖတ်ပြီးပြီလား မဖတ်ရသေးရင် ပေးဖတ်လိုက်ပါဟု ရေးခဲ့သည်။ သူ၏ အဖေ့ထံပေးစာတွင်လည်း သူ့စာပေဖန်တီးမှု၏ အခြေခံရင်းမြစ်ကို ဝန်ခံခဲ့သည်။

*"တကယ်တော့ ကျွန်တော့် အရေးအသားတွေဟာ အဖေ့အကြောင်းတွေပါ။ ကျွန်တော့်မှာ အဖေ့ကို ရင်ဖွင့်တိုင်တန်းခွင့် မရတဲ့အတွက် ကျွန်တော် ပြောချင်တာတွေ စာထဲပဲ သွန်ချနေမိတယ်။ ဒါဟာ အဖေ့ဆီကနေ တမင်ခွင့်ယူပြီး အတန်ကြာခွဲခွာခြင်းပါပဲ"*

သားများ ဝတ္ထုတိုများတွင် ပေးစာများ၊ ပေးစာရေးသားခြင်း အခန်းများ ပါရှိနေသည်မှာလည်း တိုက်ဆိုင်မှုမဟုတ်၊ ပေးစာများက ဇာတ်လမ်း၏ အလှည့်အပြောင်းတွင် ခရာကျလှသလို၊ လူချင်းဆက်ဆံရေးကိုလည်း ကောင်းကောင်း ကြားခံဆက်သွယ်ပေးခဲ့သည်။ ဂရီဂေါ် စမ်းဆာ သေပြီးနောက် သားအမိသားအဖ သုံးယောက်သား ခွင့်စာများရေးသားကြပြီး သူတို့၏ ဘဝစာမျက်နှာအသစ်ကို စဖွင့်လိုက်ကြသည်။

'မီးထိုးသမား' တွင်တော့ ကားလ်၏ တကယ့်ဘဝအမှန်ကို ဦးလေးယားကော့ဗ် ဆီပို့လိုက်သည့် အိမ်အကူ ထမင်းချက်၏ ပေးစာက ဖွင့်ဟဖော်ထုတ်ခဲ့သည်။ အကောင်းဆုံး ဥပမာကတော့ 'စီရင်ချက်' ဝတ္ထုပင်၊ ဂီရော့ ဘန်ဒီမန်း၏ ပေးစာဖွဲ့စည်းပုံက ကပ်ဖကာ၏ ဖိလစ်စေးဘောင်ရာထံ ပထမဆုံး ပေးစာကနေ ပေါ်ထွက်လာပုံရသည်။ ဇာတ်လမ်းအစတွင် ဂီရော့ ဘန်ဒီမန်းမှာ ရုရှားရှိ သူငယ်ချင်းဆီစာရေးပြီး စိတ်ကူးထဲ မျောနေရာမှနေ ဟား ဘန်ဒီမန်းက သူလည်း ထိုသူငယ်ချင်းဆီ စာအဆက်အသွယ်မပြတ် ရှိနေပါသည်ဟု ကြေညာလိုက်ရာမှ လုံးလုံးအလှည့်အပြောင်းတစ်ခု ဖြစ်သွားခဲ့သည်။ နောက်

mgyoe.com SAMPLE BOOK

ဆုံးနိဂုံးတွင် ဂီရော့၏ နောက်ဆုံးနှုတ်ဆက်စာသဘောမျိုး ရေရွတ်သွားခဲ့သည်ကအဖေတို့ အမေတို့ရေ ကျွန်တော် အဖေတို့ အမေတို့ကို အမြဲလို ချစ်ခဲ့ပါတယ် ဟူ၍။

ဤနေရာတွင် ကပ်ဖကာ၏ အရေးအသားများနှင့် သူ၏ ပြင်ပဘဝကြား စပ်ဆက်နေမှုကို အကျယ်ချဲ့လေ့လာဖို့ မရည်ရွယ်ပါ။ သို့သော် သူ၏ သားများဝတ္ထုတိုစုနှင့် သူ၏ ဖခင်ထံ ပုဂ္ဂိုလ်ရေးပေးစာတို့ကြား လူတွေမသိသည့် ဆက်နွယ်မှုရှိနေသည်ကိုသာ ပေါ်လွင်အောင် စပ်ဆက်ပြခြင်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သားများဝတ္ထုတိုများမှာ သူ၏ ဖခင်ထံပေးစာရှည်ကြီးကို စာပေအနုပညာဖြင့် သွယ်ဝိုက်ညွှန်းဆို ချဲ့ထွင်ဖန်တီးထားသည့် လက်ရာများဟုလည်း ဆိုနိုင်သည်။ တစ်ချိန်ထဲမှာပင် သူ၏ ဖခင်ထံ(မပေးဖြစ်သည့်) ပေးစာရှည်ကြီးကို စာပေလက်ရာ တစ်ခုအနေဖြင့်လည်း ဖတ်ရှုနိုင်သည်။ ထိုစာရှည်ကြီးမှာ သားတစ်ယောက် ဖြစ်နေခြင်းပေါ် အခြေခံပြီး စာပေအမြင်နှင့် အမှတ်သရုပ်ကို ဖော်ကျူးနေသည့် စာရေးဆရာတစ်ယောက်၏ ရင်နှင့်စရာ သားဝတ္ထုလည်း ဖြစ်နေခဲ့သည်။

ဖရန့် မှာ သူ့ဘဝ၏ နောက်ဆုံးနှစ်တွင်မှ ပရပ်နှင့် သူ့မိဘကို ခွဲခွာပြီး ဘာလင်တွင် ပိုလန်ဂျူးမလေး ဒိုဟာ ဒင်းယန့်နှင့် သွားနေခဲ့သည်။ သူ့မှာ တီဘီရောဂါ ရင့်နေပြီဖြစ်သော်လည်း သူမနှင့် လက်ထပ်ဖို့ စီစဉ်ခဲ့သည်။ သို့သော် ဒိုရာ့ အဖေက ခွင့်မပြုခဲ့။ သို့ဖြစ်ရာ ဖရန့်မှာ ဘဝတစ်လျှောက်လုံး သားတစ်ယောက် အနေဖြင့်သာ နေသွားခဲ့ရသည်။ သူသေဆုံးသည့်အခါ ပရာ့ဂ်ရှိ မိသားစု မြှုပ်နှံရာ မြေကွက်တွင်ပဲ မြှုပ်နှံခဲ့သည်။

Ref; Mark Anderson: Introduction of The Sons



mgyoe.com

mgyoe.com

SAMPLE BOOK



# အဖေ့ထံပေးစာ

# Letter to his father

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အဖေ့ထံပေးစာ

ချစ်ရပါသော ဖေဖေ၊

တလောကပဲ အဖေက ကျွန်တော့်ကို မင်း ဘာကြောင့် ငါ့ကို ကြောက်နေသေးတာလဲလို့ မေးတယ်။ ထုံးစံအတိုင်း အဖေ့မေးခွန်းကို ကျွန်တော် ဘယ်လိုဖြေရမှန်း စဉ်းစားလို့မရခဲ့ဘူး။ ဒါဟာ အဖေ့ကို ကြောက်တာလည်း တစ်ကြောင်းပါသလို ဒီ အကြောက်တရားရဲ့ အခြေခံရင်းမြစ်ကို ရှင်းပြဖို့ရာ အသေးစိတ်တွေ အများကြီးပြောဖို့လိုတဲ့အတွက် စကားနဲ့ဆို ပြောချင်တာရဲ့ တစ်ဝက်တောင် ရောက်မှာမဟုတ်တဲ့အတွက်လည်း ပါပါတယ်။ အခုလို စာနဲ့ရေးပြီး ဖြေကြားတယ်ဆိုတာတောင်မှ သိပ်ပြီးပြည့်စုံဦးမယ် မဟုတ်ပါဘူး၊ ဘာကြောင့်ဆို ဒီအကြောက်တရားနဲ့ အတူပါလာတဲ့အရာတွေက အဖေနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဟန့်တားနေဦးမှာ မို့လို့ပါပဲ။ နောက်တစ်ကြောင်းကတော့ ပြောရမယ့်ကိစ္စက ကျွန်တော့် မှတ်ဉာဏ်ရဲ့ အတိုင်းအတာ၊ ဆင်ခြင်နိုင်တဲ့ စွမ်းပကားတို့နဲ့ မယှဉ်နိုင်အောင် ကြီးမားလွန်းတဲ့ အတွက်လည်းဖြစ်ပါတယ်။ အဖေ့အတွက်တော့ ဘယ်ကိစ္စမဆို သိပ်ကို ရိုးစင်းလွန်းနေသလိုပဲနော်။ ဒါက ကျွန်တော်နဲ့ နှစ်ယောက်ချင်းကော လူအများရှေ့မှာကော ဒီလိုပဲ လက်လွတ်စပယ်ပြောနေကျ အဖေ့အပေါ် ကျွန်တော်မြင်တဲ့ အမြင်ပေါ့လေ၊ အဖေ့ပြောနေ

mgyoe.com

mgyee.com SAMPLE BOOK

ကျ စကားတွေအရ ခြုံပြောရရင်တော့ အဖေက တစ်သက်လုံး ပင်ပင်ပန်းပန်း လုပ်ခဲ့ရတယ်၊ သားသမီးတွေအတွက် (အထူးသဖြင့် ကျွန်တော့်အတွက်) အရာရာကို စွန့်လွှတ်ခဲ့တယ်၊ အကျိုးဆက်အနေနဲ့ ကျွန်တော်က အဆင့်အတန်းမြင့်မြင့် ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရတယ်၊ လေ့လာချင်တာ ဘာမဆို စိတ်ကြိုက်လေ့လာ သင်ယူခွင့်ရတယ်၊ ရုပ်ဝတ္ထုပိုင်းအရ ဘာမှပူပန်စရာ မလိုဘူး။ ဆိုလိုတာက မတောင့်တမကြောင့်ကြဘဲ နေနိုင်တဲ့သဘော။ အဲဒီအတွက်လည်း ကျေးဇူးဆပ်ဖို့တွေ ဘာတွေမှ အဖေမမျှော်လင့်ဘူး၊ သားသမီးဝတ္တရားတွေ ဘာတွေဆိုတာ အဖေနားလည်ပါတယ်၊ ဒါပေမယ့် အဖေကတော့ အလိုက်တသိ ကူညီတာမျိုးနဲ့ စာနာမှုလေး နည်းနည်းလောက်ပဲ မျှော်လင့်ထားပါတယ်။ အဲဒီအစား ကျွန်တော်က အမြဲလိုလို ကျွန်တော့်အခန်းထဲမှာ၊ ကျွန်တော့် စာအုပ်တွေထဲမှာ ရူးကြောင်ကြောင် သူငယ်ချင်းတွေနဲ့ ဒါမှမဟုတ် လွန်လွန်ကဲကဲ စိတ်ကူးတွေနဲ့ပဲနေပြီး အဖေ့ကို ရှောင်ပုန်းနေခဲ့တယ်၊ ကျွန်တော်က အဖေ့ကို ဘယ်တော့မှ ပွင့်ပွင့်လင်းလင်းပြောတာမျိုး မရှိဘူး။ အဖေ (ရဟူဒီ) ဘုရားရှိခိုးကျောင်းမှာ ရှိနေတဲ့အခါလည်း ကျွန်တော် အဖေ့ဆီ ဘယ်တော့မှ မလာဘူး။ အဖေ Franzensbad (ဂျာမန်နာမည်ဖြင့် ချက် အပန်းဖြေစခန်းမြို့) အပန်းဖြေစခန်းမှာ ရှိနေလည်း လာမလည်ဘူး။ မိသားစုဆိုတဲ့ ခံစားမှုမျိုး ဘယ်တော့မှ မပြဘူး။ အဖေ့ရဲ့လုပ်ငန်းနဲ့ တခြားအရေးကိစ္စတွေမှာလည်း ဘယ်တော့မှ စိတ်မဝင်စားဘူး။ စက်ရုံကို အဖေနဲ့ပဲ ထားထားပြီး လျှောက်သွားနေတယ်၊ အော်(ထ)လာရဲ့ ခေါင်းမာမှုကို အားပေးခဲ့တယ်၊ ကျွန်တော်ဟာ သူငယ်ချင်းတွေအတွက်သာ အရာရာ လုပ်ပေးတတ်ပေမယ့် အဖေ့အတွက်တော့ ဘာတစ်ခုမှ ကူဖော်လောင်ဖက် မရဘူး ( အဖေ့အတွက် ပြဇာတ်ပွဲလက်မှတ်တောင် ဝယ်မလာပေးဘူး)၊ ကျွန်တော့်အပေါ် အဖေ့ရဲ့ အကဲဖြတ်ချက်ကို ချုပ်ရရင်တော့ အဖေက ကျွန်တော့်ကို မလျော်ကန် မရိုးသားသူ၊ ဆိုးသွမ်းယုတ်မာသူလို့ တပ်အပ်ကြီး မစွပ်စွဲပေမယ့် (ကျွန်တော့်ရဲ့ ခုနောက်ဆုံး လက်ထပ်မယ့် အစီအစဉ်ကတော့ ခြွင်းချက်ပေါ့) ကျွန်တော့်ကို အေးစက်စက်နဲ့ စိမ်းကားပြီး ကျေးဇူးမသိတတ်သူလို့တော့ စွပ်စွဲထားတယ်။ အဲဒီထက်ပိုတာက အဖေက ကျွန်တော့်ကို ဒါတွေဟာ ကျွန်တော့် အမှားသက်သက်ပဲ၊ စတီယာရင်ဘီးကို လှည့်သလို ကျွန်တော့်ဆီမှာ လုံးလုံးဦးတည်ရာ ပြောင်းနိုင်တဲ့ အစွမ်းရှိသလိုမျိုး အဖေကတော့ နည်းနည်းမှ အပြစ်တင်စရာ မရှိသလိုလို၊ ကျွန်တော့်အပေါ် ကောင်းလွန်းလို့ ဒီလိုဖြစ်ရတာဆိုတဲ့ ပုံစံမျိုးပေါက်အောင် စွပ်စွဲထားတာပဲ။ ဒါက အဖေ

mgyee.com

mgyype.com SAMPLE COPY

အမြဲလိုလို တင်ပြလေ့ရှိတဲ့ ပုံစံပေါ့၊ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်တို့ရဲ့ အစေးမကပ်မှုမှာ အဖေ့ကို အပြစ်တင်စရာမရှိဘူးလို့ ယုံကြည်ထားပါတယ်။ ဒါပေမယ့် ကျွန်တော် ကိုယ်တိုင်လည်း အတူတူပဲ၊ လုံးလုံး အပြစ်မရှိပါဘူး။ ဒါကို အဖေလက်ခံလာအောင် ကျွန်တော်နားချနိုင်ရင် ငြိမ်းချမ်းမှုတစ်ခု (ကျွန်တော်တို့ နှစ်ယောက်လုံးက ကြီးကုန်ပြီဆိုတော့ ဘဝသစ်ဆိုတာတော့ မဖြစ်နိုင်တော့ဘူး ထင်ပါတယ်)၊ အဖေ့ရဲ့ မဆုတ်မနစ် အပြစ်တင်မှုတွေ လျော့နည်းသွား (ရပ်စဲမှာတော့မဟုတ်) နိုင်ပါလိမ့်မယ်။ အဖေ့အနေနဲ့ ကျွန်တော်ဆိုလိုတာကို ထူးထူးဆန်းဆန်း တစ်နည်းနည်းနဲ့ သတိထားမိနေခဲ့ပါတယ်။ ဥပမာပြောရရင် တလောကပဲ အဖေ ကျွန်တော့်ကို ပြောတယ်။ "အဖေက တခြားအဖေတွေလို အပြင်ပန်း ချစ်ပြတာမျိုး မလုပ်တတ်ပေမယ့် အဖေ မင်းကို အမြဲ ချစ်ပါတယ်၊ ဒါကလည်း အဖေက တခြားလူတွေလို ဟန်မဆောင်တတ်လို့ပဲ" တဲ့။ အခုလည်း အဖေ ကျွန်တော့်အပေါ် ဘယ်လောက်ကောင်းတယ်ဆိုတာ ကျွန်တော့်အနေနဲ့ လုံးဝသံသယမရှိပါဘူး၊ ဒါပေမယ့် ဒီမှတ်ချက်ကိုတော့ ကျွန်တော်က မှားတယ်လို့ ယူဆတယ်။ အဖေ ဟန်မဆောင်တတ်ဘူး၊ ဒါအမှန်ပဲ။ ဒါပေမယ့် ဒီအကြောင်းပြချက်ကို ပြဖို့ရာ တခြားအဖေတွေက ဟန်ဆောင်နေတယ်ဆိုတာကတော့ ထင်ကြေးနဲ့ပြောတာ သက်သက်ပဲ၊ ပြီးတော့ ကျွန်တော်တို့ဆွေးနွေးနေတာတွေနဲ့ မဆိုင်တော့တဲ့ အရာပဲ။ တစ်ဖက်မှာလည်း ကျွန်တော်တို့ရဲ့ ဆက်ဆံရေးမှာ တစ်ခုခု မှားနေတယ်ဆိုတာ ဖုံးကွယ်ချင်လို့ပဲလို့ ကျွန်တော်မြင်တယ်။ အမှန်ဆိုရင် အဲဒီ ဆက်ဆံရေး မှားယွင်းမှုမှာ အဖေ့အနေနဲ့လည်း အဖေ့အပိုင်းက ပါတယ်၊ ဒါပေမယ့်အဲဒါ အဖေ့အမှားတော့ မဟုတ်ဘူး။ အဖေ့အနေနဲ့ အဲဒီလို ဆိုလိုတာဆိုရင်တော့ အဖေနဲ့ကျွန်တော် သဘောတူညီမှု ရပြီပဲ။ ကျွန်တော့် အနေနဲ့ ကျွန်တော် အခုလို ဖြစ်နေရတာဟာ အဖေ့ရဲ့ လွှမ်းမိုးမှုတစ်ခုတည်း သက်သက်ကြောင့်လို့တော့ ပြောချင်တာမဟုတ်ဘူး။ အဲဒါဆို သိပ်ပုံကြီး ချဲ့လွန်းရာကျမယ် (တကယ်တော့ ကျွန်တော်က ဒီလိုပုံကြီးချဲ့ဖို့ စိတ်သန်နေတာ)။ ကျွန်တော့်အနေနဲ့ အဖေ့ရဲ့လွှမ်းမိုးမှုက လုံးလုံးကြီးကင်းလွတ်ပြီး ကြီးပြင်းခဲ့ရရင်တောင် အဖေ့လို နှလုံးရည်မျိုးနဲ့လူမျိုး ဖြစ်လာမှာ မဟုတ်ဘူး။ ကျွန်တော်ဟာ ပျော့ညံ့ပြီး သူရဲဘောကြောင်တဲ့ ချီတုံချတုံနဲ့ ဂနာမငြိမ်တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ချင်ဖြစ်နေဦးမှာပဲ။ ဘယ်တော့မှ ရောဘတ် ကပ်ဖကာ မဖြစ်သလို ကားလ် ဟာမန်းလည်း ဖြစ်မှာမဟုတ်ဘူး။ ဒါပေမယ့် အခုကျွန်တော် ဖြစ်နေတာနဲ့တော့ အတော့်ကို ခြားနားလိမ့်မယ်။ တစ်ယောက်ကို



mgyype.com

mgyoe.com

တစ်ယောက်ကောင်းကောင်း ဆက်ဆံနိုင်ကြပါလိမ့်မယ်။ အဖေ့ကို သူငယ်ချင်းအနေနဲ့၊ အလုပ်ရှင်အနေနဲ့၊ ဦးလေးအနေနဲ့၊ အဘိုးအနေနဲ့၊ နောက်ဆုံး (အတော်လေး တွေဝေတဲ့ဆိုင်းမိတယ် ဆိုပေမယ့်လည်း) ယောက္ခမအနေနဲ့ဖြစ်ဖြစ် ဆက်ဆံရရင်တောင်မှ ကျွန်တော်က ပျော်မိမှာပဲ။ အဖေ တစ်ယောက်အနေနဲ့တော့ အဖေက ကျွန်တော့်အဖို့ သိပ်ကိုအားကြီးလွန်းနေခဲ့တယ်။ အထူးသဖြင့် ကျွန်တော့် ညီအစ်ကိုတွေက ငယ်ငယ်ထဲက ဆုံးသွားကြပြီး ညီမတွေကလည်း အတော်လေးကြာမှ မွေးလာကြတဲ့အတွက် ကျွန်တော့်မှာ အဖေ့ဒဏ်ကို တစ်ယောက်ထဲ စုခံနေခဲ့ရတာလေ။ အဲဒီအတွက် ကျွန်တော်ဟာ သိပ်ကို ပျော့ညံ့လွန်းခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက်ကို ယှဉ်ကြည့်လိုက်ရင် ကျွန်တော်က တစ်ခွန်းထဲနဲ့ချုပ် ပြောရရင် ကပ်ဖကာအခြေခံနဲ့ လူဗီပဲ၊ ဒါပေမယ့် ကပ်ဖကာတွေရဲ့ ရှင်သန်ချင်စိတ်၊ စီးပွားရေးနဲ့ အောင်မြင်မှုအတွက် ဆာလောင်နေတာမျိုးမဟုတ်ဘဲ လူဗီတွေလို လျှို့လျှို့ဝှက်ဝှက်နိုင်လွန်း သတိကြီးလွန်းပြီး သူများနဲ့ မတူတဲ့ လမ်းကြောင်းလျှောက်တတ်သူမျိုး၊ ပြီးတော့ တစ်စက်မှ အလုပ်မဖြစ်တာမျိုးလည်း မကြာခဏကြုံနေကျ။ တစ်ဖက်မှာတော့ အဖေက တကယ့်ကပ်ဖကာတွေရဲ့ ခွန်အား၊ ကျန်းမာသန်စွမ်းမှု၊ အာသာဆန္ဒ၊ အသံသြဇာ၊ အာဝဇ္ဇန်း၊ ကိုယ့်ကိုယ်ကို ကျေနပ်မှု၊ လောကီရေးရာ နှံ့စပ်ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်မှု၊ လူ့သဘောသဘာဝ နားလည်မှု၊ တစ်ခုခုကို ကြီးကြီးကျယ်ကျယ် အကောင်အထည် ဖော်နိုင်စွမ်းရှိမှု စတာတွေ ပိုင်ဆိုင်ထားတယ်။ အဲဒီတော့ အဖေ့ရဲ့ ချို့ယွင်းချက်၊ အားနည်းချက်ဆိုတာလည်း ဒီအရည်အချင်းတွေနဲ့ ဆိုင်နေပြီး အဖေ့ရဲ့ ပင်ကိုယ်စရိုက်အနေနဲ့၊ တစ်ခါတစ်ရံ အဖေ့ရဲ့ စိတ်တိုဒေါသကြီးမှုနဲ့ အဖေ့ကို မောင်းနှင်နေခဲ့တယ်။ အဖေက ယျေဘုယျ အသွင်အပြင်အရ အန်ကယ် ဖိလစ်တို့၊ လူးထရစ် တို့၊ ဟိန်းနရစ်ချ်တို့နဲ့ယှဉ်ရင် ရာနှုန်းပြည့် ကပ်ဖကာတော့ မဟုတ်ဘူး။ ဒါလည်း ဆန်းတယ်၊ ကျွန်တော်လည်း သိပ်ပြီး မရှင်းလှဘူး။ ဘယ်လိုပဲဖြစ်ဖြစ်၊ သူတို့တွေက ပိုပြီး ရွှင်ရွှင်ပျပျ ရှိတယ်၊ ပိုပြီး သစ်လွင်၊ ပိုပြီး ရင်းနှီးဖော်ရွေမှုရှိတယ်၊ အပူအပင်ကင်းတယ်၊ အဖေ့လောက် လေးနက်ပြင်းထန် မနေကြဘူး။ (အဲဒီမှာလည်း ကျွန်တော်က အဖေ့ဆီက အတော်များများအမွေရခဲ့ပြီး အဲဒီမျိုးရိုးအမွေကို စောင့်ထိန်းဖို့ရာ လိုအပ်တဲ့ ချိန်ညှိနိုင်စွမ်းမျိုး အဖေ့လို ကျွန်တော့်သဘာဝမှာ ရှိမနေဘူး) တစ်ဖက်မှာ အဖေကိုယ်တိုင်လည်း အဆင့်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရမှာပါ။ အဖေ့အနေနဲ့ သားသမီးတွေအပေါ် (အထူးသဖြင့် ကျွန်တော့် အပေါ်)



mgyoe.com

myanmar.com SAMPLE EBOOK

စိတ်ပျက်လက်ပျက်နဲ့ အိမ်မှာ တမှိုင်မှိုင်တတွေတွေ နေနေရပေမယ့် (တခြားသူတွေလာရင်တော့ အဖေက လုံးလုံးပုံစံပြောင်းသွားတယ်) သည့်မတိုင်ခင်က တော့ ပိုပြီး ပျော်ပျော်ရွှင်ရွှင် ရှိခဲ့ပါလိမ့်မယ်။ ဒါမှမဟုတ် အခုပြန်ပြီး ရွှင်ရွှင်ပျပျ ရှိချင်လည်း ရှိလာမှာပေါ့၊ အခု အဖေ့ရဲ့ မြေးတွေ၊ သားမက်တွေက အဖေ့သားသမီးတွေ (ဗယ်လီက လွဲလို့ပေါ့) မပေးနိုင်ခဲ့တဲ့ နွေးထွေးမှုတွေ ပြန်ပေးနေပြီ မဟုတ်လား။ ဘယ်လိုပဲဖြစ်စေ၊ ကျွန်တော်တို့နှစ်ယောက်က အတော်လေးကွဲပြားနေခဲ့ကြတယ်၊ အဲဒီကွဲပြားမှုက တစ်ယောက်ကိုတစ်ယောက် အကြီးအကျယ် အန္တရာယ်ပေးနေခဲ့တယ်။ အဲဒီတော့ တစ်ယောက်ယောက်ကများ ကျွန်တော့်လို တစ်စစကြီးပြင်းလာတဲ့ ကလေးနဲ့ အဖေ့လို အရွယ်ရောက်ပြီးသားလူတို့ ရင်ဆိုင်တွေ့ရင် ဘယ်လိုများနေမလဲလို့ တွက်ဆကြည့်မယ်ဆိုပါတော့။ သူကတော့ အဖေဟာ ကျွန်တော့်ကိုခြေထောက်နဲ့ နင်းခြေလိုက်လို့ ကျွန်တော်ဆိုတာကျန်တော့မှာတောင် မဟုတ်ဘူးလို့ ယူဆမှာပဲ။ အဲဒီလိုတော့ မဖြစ်ခဲ့ဘူး။ ရှင်သန်နေတဲ့အရာကို တွက်ချက်လို့မရနိုင်ဘူး။ ဒါပေမယ့် ဒီထက်ဆိုးဆိုးရွားရွားလည်း ဖြစ်သွားနိုင်တယ်။ ဒါကို ပြောရင်းနဲ့ အဖေ့ကို ကျွန်တော် ဘယ်တုန်းကမှ (တဒင်္ဂလေးတောင်မှ) အပြစ်ရှိတယ်လို့ မထင်ခဲ့ဘူးဆိုတာ မမေ့ဖို့ ကျွန်တော် တောင်းပန်ပါရစေ။ ကျွန်တော့်အပေါ်မှာ အဖေ့ရဲ့ ဩဇာလွှမ်းမိုးမှုက အဖေလည်း ဘာမှတတ်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီဩဇာလွှမ်းမိုးမှုကို အလျှော့ပေးထားတာကိုက ကျွန်တော့်ဘက်မှာ တစ်စုံတစ်ရာ အာဃာတရှိနေလို့ပဲလို့ တွေးတာကိုတော့ အဖေ ရပ်သင့်တယ်။ ကျွန်တော်က အရှက်အကြောက်ကြီးတဲ့ ကလေးတစ်ယောက်ပါ။ အဲဒီအတွက် ကလေးတွေထုံးစံ ကျွန်တော်လည်း ပေပြီးခေါင်းမာတတ်တာ အမှန်ပါပဲ။ ကျွန်တော့်ကို အမေ အလိုလိုက် ဖျက်ဆီးခဲ့တာ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ကိုင်တွယ်ရခက်တဲ့ ကလေးတစ်ယောက်လို့ မထင်ဘူး။ ကြင်နာတဲ့စကားလေးတခွန်းလောက်၊ လက်ကလေးကို ညင်ညင်သာသာ ကိုင်ပြီး၊ ခင်မင်တဲ့အကြည့်လေးတစ်ချက်လောက်နဲ့တော့ ကျွန်တော့်ကို ချော့ခိုင်းလို့မရဘူး။ တကယ်တော့ အဖေက အတွင်းစိတ်ထဲမှာ ကြင်နာပြီး စိတ်ထားနူးညံ့တဲ့သူ တစ်ယောက်ပါ (ဒီလိုပြောလို့ နောက်ပိုင်းပြောမယ့်အရာတွေနဲ့ ဆန့်ကျင်နေတာတော့ မဟုတ်ပါဘူး၊ ကျွန်တော်က အဖေ့အပေါ် ကလေးတစ်ယောက်ရဲ့ မြင်တဲ့အမြင်ကနေ ပြောနေတာမို့ပါ) ဒါပေမယ့် မျက်နှာပြင်အောက်မှာ ဖုံးကွယ်နေတဲ့ အကြင်နာတရားကို ရှာဖွေဖို့ သည်းခံနိုင်စွမ်းနဲ့ သတ္တိက ကလေးတိုင်းမှာ မရှိနိုင်ပါဘူး။

mgyoe.com SAMPLE BOOK

အဖေက ကလေးတစ်ယောက်ကို အဖေ့သဘာဝ အတိုင်းပဲ ဒေါသတကြီး ဆူဆူညံညံ အင်တိုက်အားတိုက် ဆက်ဆံလေ့ရှိတယ်။ အဖေ့အနေနဲ့တော့ ဒီလိုဆက်ဆံတာ သင့်တော်တယ်လို့ ယူဆမှာပေါ့၊ ဘာကြောင့်ဆို အဖေက ကျွန်တော့်ကို ရဲရင့်ပြီး သန်မာတဲ့ ကောင်လေးတစ်ယောက် ဖြစ်စေချင်တာ မဟုတ်လား။ ကျွန်တော်ငယ်ငယ်တုန်းက အဖေ သင်ကြားတဲ့ နည်းစနစ်ကို တိုက်ရိုက်တော့ ကျွန်တော် ဘယ်ပြောနိုင်တော့မလဲ၊ ဒါပေမယ့် နောက်ပိုင်းနှစ်တွေမှာ အဖေ ကျွန်တော့်ကိုဆက်ဆံပုံနဲ့ ဖီးလစ်ကို ဆက်ဆံပုံကို ကြည့်ပြီး ကျွန်တော် တွေးကြည့်လို့ရတယ်။ အဲဒီတုန်းက အဖေက ငယ်သေးတော့ ပိုပြီးတော့ ခွန်အားကြီး၊ ကြမ်းတမ်းပြီး၊ အချုပ်အချယ်မရှိတဲ့ အခြေအနေမှာ ဒီကနေ့ထက် ပိုပြီးရမ်းကားမှာ စဉ်းစားကြည့်လို့ရတယ်၊ သည့်အပြင် အလုပ်ထဲမှာ လုံးလုံးမြုပ်နေတော့ ကျွန်တော်နဲ့ တစ်နေ့တစ်ခါတောင် တွေ့နိုင်မှာမဟုတ်ဘူး။ အဲဒီတော့ ကျွန်တော့်အပေါ် သိပ်ကိုမျှော်လင့်ထားပြီး အဲဒါတွေနဲ့ ဘယ်တော့မှ အသားမကျနိုင်ခဲ့ဘူး။ ငယ်စဉ်ကာလနဲ့ ပတ်သက်ပြီး ကျွန်တော် တိုက်ရိုက် မှတ်မိတာဆိုလို့ အဖြစ်အပျက်တစ်ခုပဲ ရှိတယ်။ အဖေလည်း မှတ်မိမှာပါ။ တစ်ညမှာ ကျွန်တော်က တအီအီနဲ့ ရေတောင်းနေခဲ့တယ်၊ ကျွန်တော် ရေငတ်လို့ မဟုတ်တာတော့ သေချာတယ်၊ တစ်ကြောင်းက စိတ်အနှောင့်အယှက် ပေးချင်လို့၊ တစ်ကြောင်းက ကျွန်တော်ကိုယ်တိုင်က အဲဒီလိုလုပ်ရတာ ပျော်လို့၊ အကြိမ်ကြိမ် ကြိမ်းမောင်းဟန့်တားပေမယ့် မထူးတဲ့အခါ အဖေက ကျွန်တော့်ကို အိပ်ရာကနေ ချီသွားပြီး လသာဆောင်မှာထုတ်ကာ တံခါးပိတ်ပြီး အဲဒီမှာ ညအိပ်ဝတ်စုံနဲ့ ကျွန်တော့်ကို ခဏလောက် တစ်ယောက်တည်း ထားထားခဲ့တယ်။ ကျွန်တော်က ဒါကို မှားတယ်လို့ ပြောချင်တာ မဟုတ်ပါဘူး။ အဲဒီ ညက ငြိမ်ငြိမ်ဆိတ်ဆိတ် ဖြစ်အောင်လုပ်ဖို့ တခြားနည်းလမ်း မရှိလို့လည်းဖြစ်မှာပေါ့။ ဒါပေမယ့် ကျွန်တော်က ဒါကို ဘာကြောင့် ဖော်ပြရသလဲဆို ဒါဟာ အဖေ့ရဲ့ စံပြကလေးထိန်းနည်းဖြစ်ပြီး အဲဒါက ကျွန်တော့်ကို လွှမ်းမိုးမှုရှိနေခဲ့လို့ပါ။ အဲဒီကာလနောက်ပိုင်းမှာ ကျွန်တော်ဟာ အတော့်ကို အပိုးကျိုး နာခံတတ်လာတယ်ဆိုတာ ကျွန်တော် ပြောရဲတယ်။ ဒါပေမယ့် ကျွန်တော့်ကို အတွင်းဒဏ်သင့်စေခဲ့တာလည်း အမှန်ပဲ။ အဲဒီ အဓိပ္ပါယ်မဲ့ (ကျွန်တော့်အတွက်တော့ အရေးကြီးတာပေါ့ ) ရေတောင်းတဲ့ လုပ်ရပ်နဲ့ အပြင်ထုတ်ခံရလို့ တအားကြောက်သွားမိတဲ့ကိစ္စဟာ ကျွန်တော့်အဖို့ ဘယ်လိုမှ စပ်ဆက်ကြည့်လို့မရတဲ့ အရာနှစ်ခုပဲ။ နောက်ပိုင်းနှစ်နဲ့ချီပြီး ကျွန်တော့်မှာ အဖေ့လို အကြွင်းမဲ့ အာဏာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိတဲ့ ရောမလူကြီးတစ်ယောက်က ဘာအကြောင်းမှမရှိဘဲ ကျွန်တော့်ကို ညဘက် အိပ်ရာကနေ မပြီး လေသာဆောင်ထဲ ထုတ်သွားတယ်၊ ကျွန်တော် ဟာ သူ့အတွက်ဘာမှ မဟုတ်ဘူးလို့ မြင်ယောင်ပြီး ပူပင်သောကတွေ ခံစားခဲ့ရ တယ်။ ဒါက ဘာမဟုတ်တဲ့ ကနဦးအစပဲ ရှိပါသေးတယ်၊ ဒါပေမယ့် အဲဒီလို ကိုယ့်ကိုယ်ကို ဘာမှမဟုတ်ဘူးဆိုတဲ့ အသိက အမြဲလို ကျွန်တော့်ကို လွှမ်းမိုး ထားတော့တယ် (တခြားတစ်ဖက်က ကြည့်ရင်တော့မြင့်မြတ်ပြီး အကျိုးများ မယ့် ခံစားမှုမျိုးပေါ့) အဲဒါက အဓိကအားဖြင့် အဖေ့ရဲ့ဩဇာလွှမ်းမိုးမှုကနေ လာတာပဲ။ ကျွန်တော်လိုအပ်တာက အားပေးမှုလေး နည်းနည်းလောက်၊ ခင်မင် ဖော်ရွေမှုလေး နည်းနည်းလောက်၊ ကျွန်တော့်လမ်းကို နည်းနည်းလောက် ဖွင့် ထားပေးဖို့လောက်ပါပဲ၊ ဒါပေမယ့် အဖေက အဲဒီအစား ကျွန်တော်သွားမယ့် လမ်းကို ပိတ်ထားခဲ့တယ်၊ အဖေကတော့ တခြားလမ်းကို လျှောက်စေချင်လို့ဆို တဲ့ စေတနာနဲ့ပါ။ ဒါပေမယ့် ကျွန်တော်က အဲဒီလမ်းနဲ့ မကိုက်ဘူး။ ဥပမာ ပြော ရရင် ကျွန်တော် အပုံစား ချီတက်အလေးပြုတာမျိုးဆို အဖေ အားပေးတယ်၊ ဒါပေမယ့် ကျွန်တော်က အနာဂတ်စစ်သား တစ်ယောက်မဟုတ်ဘူး၊ ကျွန်တော် အစားကို အားပါးတရစားပြီး ဘီယာပါသောက်တဲ့အခါ အဖေက အားပေး တယ်၊ ကျွန်တော်နားမလည်တဲ့ သီချင်းတွေကို ပြန်ပြီးဆိုပြတဲ့အခါ အဖေ ချီး ကျူးတယ်၊ အဖေ့ကိုတုပြီး အဖေ့အကြိုက်ဆုံး မျက်နှာပေးနဲ့ ဘာမဟုတ်တဲ့ စကားတွေ ပြောနေရင် အဖေအားပေးတယ်၊ ဒါပေမယ့် အဲဒါတွေ အားလုံးက ကျွန်တော့် အနာဂတ်နဲ့ ဘယ်လိုမှ ပတ်သက်မှာတွေ မဟုတ်ဘူးလေ။ ဒါပေမယ့် အဲဒီကနေ ပြောနေတာက ကနေ့အထိကိုပဲ အဖေဟာ အဖေ့ကိုထိခိုက်ဆုံးရှုံး မယ့်ကိစ္စမျိုး အဖေ့အမြင်အရ ကျွန်တော် ထိခိုက်တော့မှာ (ဥပမာ ကျွန်တော် ရည်ရွယ်ထားတဲ့ အိမ်ထောင်ရေး) ဒါမှမဟုတ် ကျွန်တော့်ကို ထိခိုက်သွားခဲ့တဲ့ (ဥပမာ ပက်ပါက ကျွန်တော့်ကို အနိုင်ကျင့်တာမျိုး) ကိစ္စမျိုးလောက်ပဲ အားပေး တာမျိုးရှိတယ်။ အဲဒီအခါမျိုးမှာ အဖေက ကျွန်တော့်တန်ဖိုးကို သတိပေးတယ်၊ ကျွန်တော်နဲ့ လိုက်မယ့် ပြိုင်ပွဲမျိုးကို ညွှန်ပြပေးတယ်၊ ပက်ပါမှာ ကောင်းကောင်း အကြိမ်းခံရတယ်။ အခုအချိန်မှာ ကျွန်တော်ဟာ အားပေးဖို့လိုတဲ့ ခံနိုင်ရည် နည်းတဲ့အရွယ် မဟုတ်တော့ပေမယ့်လည်း ဘယ်လိုပဲဖြစ်ဖြစ် အားပေးခဲ့ရင် ကျွန်တော့်အတွက် အထောက်အကူဖြစ်မှာ အမှန်ပဲ၊ အဲဒီအချိန်ကို ပြန်သွား ကြည့်ရင် ကျွန်တော်ဟာအဲဒီတုန်းက အားပေးမှုသာရခဲ့ရင် အရာရာလုပ်နိုင်ခဲ့ လိမ့်မယ်။ တကယ်တမ်းကျတော့ ကျွန်တော့်မှာ အဖေ့ရဲ့ ရုပ်အရှိတရား သက်

mgyoe.com

mgyoe.com SAMPLE EBOOK

သက်နဲ့တင် ချိုးနှိမ်ခံနေခဲ့ရတယ်။ ကျွန်တော် မှတ်မိသေးတယ်၊ တစ်ခါက ကျွန်တော်တို့ ရေချိုးတဲလေးတစ်ခုထဲမှာ အဝတ်အစားတွေ ချွတ်ကြတယ်၊ အဲဒီတုန်းက ကျွန်တော်က ပိန်ပိန်ကပ်ကပ် အားမရှိတဲ့ ရုပ်၊ အဖေကတော့ အရပ်ကရှည်ရှည် ခန္ဓာကိုယ်ဖြက်ကျယ်ကျယ်နဲ့ သန်မာလှတယ်။ ကျွန်တော့်မှာ တဲထဲမှာတောင်မှ စိတ်မချမ်းမြေ့စရာ လူစားဖြစ်နေသလို ခံစားမိတယ်၊ အဖေ့မျက်စိအောက်တင်မကဘူး တစ်လောကလုံးရဲ့ မျက်စိထဲမှာလဲ အဲဒီလိုပဲမြင်မှာပဲလို့၊ ဘာကြောင့်ဆို အဖေက အရာရာတိုင်းရဲ့ အတိုင်းအတာပဲကိုး။ ဒါပေမယ့် ကျွန်တော်တို့ ရေချိုးတဲထဲက ထွက်လာပြီး လူတွေရှေ့ရောက်တော့ အဖေက ကျွန်တော့်လက်ကို တွဲထားတယ်၊ ကျွန်တော်က ပျဉ်ချပ်ပေါ်မှာ ခြေဗလာနဲ့ တည်တည်ငြိမ်ငြိမ် မလျှောက်နိုင်တဲ့ အရိုးစုလေးပဲ၊ ရေကြောက်သလို ရေကူးတော့လည်း အဖေ့လို လက်ကမခတ်နိုင်ဘူး။ အဖေကတော့ စေတနာနဲ့ ကျွန်တော့်ကို အမြဲပြသပေးပေမယ့် တကယ်တမ်းမှာ ကျွန်တော့်ကို အကြီးအကျယ် အရှက်ရစေတယ်။ ကျွန်တော့်မှာ နက်နက်ရှိုင်းရှိုင်း စိတ်ပျက်မိပြီး အဲဒီလို အခိုက်အတန့်မျိုးမှာ နယ်ပယ်ပေါင်းစုံက ကျွန်တော့်ရဲ့ အဆိုးဆုံး အတွေ့အကြုံတွေက တစ်စုတစ်စည်းထဲ လာရောက်ပေါင်းစည်းကြတော့တယ်။ တစ်ခါတစ်ရံ အဖေ အရင်ဆုံး အဝတ်အစားချွတ်တဲ့အခါမျိုးဆို ကျွန်တော် စိတ်သက်သာရာရတယ်။ကျွန်တော်က တဲထဲမှာတစ်ယောက်တည်း ချန်နေခဲ့လို့ရတယ်လေ၊ လူရှေ့သူရှေ့မှာ ထွက်ပြပြီး အရှက်ရမှာကနေ ရှောင်နိုင်တာပေါ့။ နောက်ဆုံး ကြာလွန်းလို့ ကျွန်တော်ဘာများဖြစ်နေသလဲ အဖေကိုယ်တိုင်လာကြည့်ပြီး တဲထဲက မောင်းထုတ်ရတဲ့အထိ၊ ကျွန်တော့်မှာ ကျွန်တော့်သောကကို အဖေ သတိထားမိပုံမရလို့ ဝမ်းသာမိတယ်၊ သည့်အပြင် ကျွန်တော် အဖေရဲ့ ကိုယ်ခန္ဓာအတွက် ဂုဏ်ယူဝံ့ကြွားမိတယ်။ စကားမစပ် ကျွန်တော်တို့ကြားက ဒီခြားနားချက်က အခုထိကို မပြောင်းမလဲရှိနေဆဲပဲ။ ဆက်ပြီးပြောရရင်တော့ အဖေ့ရဲ့ အသိတရားဆိုင်ရာ လွှမ်းမိုးမှုပဲ၊ အဖေက ခုထိ ကိုယ့်ဘာသာအားထုတ်ပြီး ကိုယ့်နည်းလမ်းနဲ့ကိုယ် လုပ်ခဲ့တဲ့သူဆိုတော့ အဖေဟာ ကိုယ့်ကိုယ်ကိုယုံကြည်မှု အကန့်အသတ်မဲ့ ရှိနေခဲ့တယ်လို့ အဖေမြင်တယ်။ ကလေးဘဝကတော့ ကျွန်တော့်အတွက် ဒါဟာ ထူးချွန်ပြောင်မြောက်မှုပဲ၊ ချာတိတ်အဖြစ် ကြီးပြင်းလာမှသာ နားလည်ရခက်လာခဲ့တာ။ အဖေဟာ ကုလားထိုင်ကနေ ကမ္ဘာကြီးကိုအုပ်စိုးနေခဲ့တယ်။ အဖေ့ အမြင်ကသာ အမှန်၊ တခြားအမြင်တွေအားလုံးက ရူးမိုက်၊ ရိုင်းစိုင်းပြီး ကြောင်တောင်တောင်နဲ့ ပုံမှန်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ယုံကြည်

mgyoe.com

mgyupe.com SAMPLE BOOK

မှုကြီးမားလွန်းတဲ့ အဖေ့အတွက် ဘာမဆို ရှေ့နောက်ညီစရာ မလိုဘူး။ အမြဲလိုလို မှန်နေတော့တယ်။ တစ်ခါတစ်ရံ အဖေ့မှာ ထူးထူးခြားခြား ထင်မြင်ချက်ပေးစရာမရှိတဲ့ ကိစ္စမျိုးမှာတောင် တခြားဖြစ်နိုင်ခြေရှိတဲ့ အထင်အမြင်တွေအားလုံးက ခြွင်းချက်မရှိ မှားဖို့သာ ရှိနေတော့တယ်။ ဥပမာ အဖေဟာ ချက်တွေကို ပုတ်ခတ်တယ်၊ ပြီးတော့ ဂျာမန်တွေ၊ ပြီးတော့ ဂျူးတွေ၊ ဘယ်ကိစ္စရယ်လို့မဟုတ် အကုန်သိမ်းကျုံးပြောတယ်၊ နောက်ဆုံး အဖေကလွဲပြီး ကောင်းတဲ့သူမရှိတော့တဲ့ အထိပဲ။ ကျွန်တော့်အမြင်မှာတော့ အဖေဟာ အာဏာရှင်တွေမှာရှိတဲ့ နားလည်ရခက်တဲ့ အရည်အချင်းတစ်မျိုး ရှိတယ်၊ အဲဒါကတော့ သူတို့ရဲ့ အမှန်တရားဟာ သူတို့ရဲ့ လူပုဂ္ဂိုလ်ပေါ်မှာပဲ အခြေခံတယ်၊ အကြောင်းတရားပေါ်မှာ မတည်ဘူး။ တကယ်ဟုတ်မဟုတ်တော့ မသိဘူး၊ ကျွန်တော်ကတော့ အဖေ့ကို အဲဒီလိုပဲ မြင်မိတယ်။ အဖေဟာ တကယ်လည်း အံ့သြစရာ အမြဲမှန်နေတာအခု ကျွန်တော် ကိုယ်တိုင်မျက်မြင်ပါပဲ။ စကားအဖြစ်ပြောတာ ဆိုရင်တော့ အံ့သြစရာ မရှိပါဘူး (ကျွန်တော်တို့ကြားမှာလည်း စကားစမြည် ပြောခဲ့ပါတယ်) ဒါပေမယ့် တကယ့်အပြင်မှာပါ မှန်တာပါ။ ဒါပေမယ့်လည်း နားမလည်နိုင်လောက်စရာတော့ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့အတွေးအားလုံးမှာ အဖေ့ရဲ့ကြီးမားလှတဲ့ဖိအားရှိနေခဲ့တယ်၊ အဖေနဲ့မသက်ဆိုင်တဲ့ အတွေးမျိုးမှာတောင် ဒီဖိအားနဲ့ မကင်းပါဘူး။ အဲဒီလို အဖေနဲ့မဆိုင်ဘူးလို့ ထင်ရတဲ့ အတွေးမျိုးမှာတောင် ဟိုးအစထဲက အဖေ့ရဲ့ သိမ်ငယ်စေတဲ့ထင်မြင်ချက်နဲ့ ညွှတ်ကိုင်းနေတော့တယ်။ ဒါကိုကြံ့ကြံ့ခံပြီး အတွေးတစ်ခုကို ပြည့်စုံလုံလောက်ကာ ထာဝရတည်မြဲတဲ့အဆင့် ရောက်တဲ့အထိ ဖွံ့ဖြိုးစေဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲ။ ဒီနေရာမှာ ကျွန်တော်ပြောနေတာ သိပ်ကိုခမ်းနားကြီးကျယ်တဲ့ အတွေးအခေါ်မျိုးတွေ မဟုတ်ဘူးနော်။ ကလေးတိုင်း တွေးလေ့ရှိတာမျိုးတွေပဲ။ ကလေးတစ်ယောက်ဟာ တစ်ခုခုအကြောင်း ခေါင်းထဲဖြည့်လာပြီးရင် အိမ်ပြန်ရောက်တဲ့အခါ ရင်ဖွင့်လိုက်ရမှ ပျော်တတ်တာမျိုး၊ ဒါပေမယ့် ပြန်ရတဲ့အဖြေက ရွဲ့တဲ့တဲ့နဲ့ သက်ပြင်းချ၊ ခေါင်းခါ၊ စားပွဲကိုခေါက်ပြီး "အိုး ငါ ဒီထက်အများကြီးသာတာတွေ့ဖူးတာပေါ့"၊ "မင်းဒုက္ခနဲ့ မင်းပဲလေ"၊ "အခု ငါ့မှာ ဒီအတွက် အချိန်မရှိဘူး"၊ "မင်း ပြောခဲ့လို့လား"၊ " ဒီမှာ ပဲနီ" စသဖြင့် ပြောလိုက်တာမျိုး။ မှန်ပါတယ် ကလေးပြောတဲ့ အသေးအဖွဲလေးတွေကို အမြဲစိတ်ထက်သန်နေဖို့တော့ မမျှော်လင့်နိုင်ဘူးပေါ့၊ အထူးသဖြင့် အဖေ့မှာ သောကတွေ ပူပင်စရာတွေ ရှိနေတဲ့ အခါမျိုးပေါ့။ ဒါပေမယ့် အဲဒါက ကိစ္စမရှိပါဘူး။ ပြဿနာက အဖေ့ရဲ့ ကန့်

mgyue.com SAMPLE BOOK

လန့်တိုက်ဆန့်ကျင်တတ်တဲ့သဘာဝက ကလေးတစ်ယောက်ကို ကျိန်းသေပေါက် စိတ်ပျက်လက်ပျက် အမြဲဖြစ်စေတာပဲ။ ဒီသဘာဝကို အဖေလည်း ဘာမှမတတ်နိုင်ဘူး။ အဲဒီလို ကန့်လန့်တိုက်မှုက ကြုံပါများတဲ့အခါ စုလာပြီး အလေ့အထလို ဖြစ်လာတယ်။ တစ်ခါတလေများ ကျွန်တော်နဲ့ အမြင်ချင်းတူရင်တောင် အကျင့်ပါပြီး ကန့်လန့်တိုက်တယ်။ နောက်ဆုံး ကလေးတစ်ယောက်မှာ စုပုံလာတဲ့ ဒီ စိတ်ပျက်မှုဟာ ဘဝမှာသာမန်ကြုံရတဲ့ စိတ်ပျက်မှုမျိုး မဟုတ်တော့ဘူး။ အဖေ့လို အရာရာတိုင်းရဲ့ အတိုင်းအတာဖြစ်တဲ့ အရေးကြီးပုဂ္ဂိုလ်ပါပါလာတဲ့အတွက် ဟိုးအတွင်းအူတိုင်ထဲအထိ ထိခိုက်စေတယ်။ သတ္တိ၊ သန္နိဋ္ဌာန်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ ဟိုသည်ကိစ္စတွေမှာ ပျော်ရွှင်နေမှု စတာတွေအားလုံးဟာ အဖေ ဆန့်ကျင်လိုက်တာနဲ့ (အဖေ့ရဲ့ ဆန့်ကျင်မှုက ယူဆချက်သက်သက်ပဲ ဖြစ်ပါစေ) မတည်ရှိနိုင်ကြတော့ဘူး။ ကျွန်တော် လုပ်သမျှအားလုံးကို တန်ဖိုးချလိုက်တော့တယ်။ ဒါက အတွေးအခေါ်တင်မကဘူး၊ လူတွေကိုလည်း ဒီအတိုင်းပဲ။ ကျွန်တော့်အတွက်ကတော့ လူတစ်ယောက်ကို နည်းနည်းပါးပါးလောက်ပဲ စိတ်ဝင်စားတယ်၊ ကျွန်တော့် သဘာဝကြောင့် ဒီလိုမျိုးလည်း မကြာမကြာ မကြုံဘူး၊ အဖေကတော့ ကျွန်တော့်ခံစားမှု၊ ကျွန်တော့် သဘောထားကို ထည့်မစဉ်းစားဘဲ အနိုင်ကျင့်မယ်၊ အသရေဖျက်မယ်၊ အမနာပ ဝင်ပြောမယ်။ အပြစ်ကင်းပြီး ကလေးနဲ့တူတဲ့ သူမျိုးတွေ ခံရတော့တာပဲ။ ဥပမာပြရရင် ရဟူဒီသရုပ်ဆောင် လူဗီ။ သူနဲ့လည်းမသိဘဲ အဖေက သူ့ကို ပိုးမွှားနဲ့ခိုင်းနှိုင်းတာက ကြောက်စရာကောင်းလွန်းလို့ ကျွန်တော် အခုထိ မမေ့သေးဘူး၊ ကျွန်တော် ချစ်ခင်တဲ့သူတွေဆို အဖေက မကြာခဏ ခွေးနဲ့ သူ့ရဲ့လှေးတွေ စကားပုံကို တန်းသုံးတော့တာပဲ။ ကျွန်တော်က ဒီသရုပ်ဆောင်ကို ထူးထူးခြားခြား မှတ်မိနေတာက အဖေ သူ့အကြောင်း ထုတ်ပြောလိုက်တာကို ကျွန်တော် ခုလိုချရေးထားခဲ့လို့ပါပဲ။ “ဒါကတော့ ကျွန်တော့် အဖေ (သူ သိတောင် မသိတဲ့) ကျွန်တော့် သူငယ်ချင်းကို ပြောလိုက်ပုံပါပဲ။ ရှင်းပါတယ် ကျွန်တော့် သူငယ်ချင်းဖြစ်နေလို့ပါပဲ။ သူ ကျွန်တော့်ကို သားသမီးဝတ္တရား မကျေဘူး၊ မိဘအပေါ်ချစ်ခင်မှုမရှိဘူး စွပ်စွဲလာတိုင်း ဒါကို ကျွန်တော် သူ့ ထုတ်ပြောရမယ်”။

ကျွန်တော် အမြဲလို နားမလည်နိုင်တာက အဖေ့မှာ အဖေ့ရဲ့စကားလုံးတွေ ထင်မြင်ချက်တွေကြောင့် ကျွန်တော် ခံစားရမှာ၊ အရှက်ရမှာကို ဘာကြောင့် လုံးလုံး စာနာစိတ် မရှိရတာလဲဆိုတာပဲ။ အဖေ့မှာ အဖေ့ရဲ့ ဩဇာအရှိန်အဝါကို သတိမပြုမိသလိုမျိုးပဲ။ ကျွန်တော်လည်းပဲ အဖေ့ကို မကြာခဏ နာကျင်အောင်

mgyoe.com SAMPLE BOOK

ပြောမိတာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒါကို ကျွန်တော်သိပြီး နာကျင်ရတယ်။ ကိုယ့်ကိုယ်ကို မထိန်းနိုင်လို့ စကားလွန်သွားလို့သာ ပြောမိပေမယ့် ကျွန်တော့်မှာ ပြောနေတဲ့အချိန်မှာတောင် စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမယ့် အဖေကတော့ နှစ်ခါပြန်မစဉ်းစားဘဲ အဖေ့စကားလုံးတွေကို ပြောချလိုက်တာပဲ။ ပြောနေစဉ်ရော ပြောပြီးနောက်ရော ဘယ်သူ့အတွက်မှ စိတ်မကောင်းဖြစ်တာ မရှိဘူး။ အဖေရှေ့မှာ တစ်ဖက်သားက လုံးလုံးအကာအကွယ်မဲ့ပဲ။ အဖေ့ရဲ့ သားသမီးပျိုးထောင်တဲ့ နည်းကတော့ အဲဒီနည်းပဲ။ ဒါပေမယ့် အဖေ့မှာ သားသမီးပျိုးထောင်ဖို့ရာ ပါရမီပါတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဖေ့နည်းလမ်းနဲ့ အဖေ့လို လူသားတစ်ယောက်ကို ကောင်းကောင်း ပျိုးထောင်နိုင်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီလိုကလေးမျိုးက အဖေပြောတဲ့ ကျိုးကြောင်းယုတ္တိမျိုးကို မြင်ပါလိမ့်မယ်၊ အဖေ ခိုင်းတဲ့အတိုင်း ငြိမ်ငြိမ်ဆိမ်ဆိမ်လေး လုပ်ပြီး တခြားဟာတွေနဲ့ သူ့ကိုယ်သူ ဒုက္ခပေးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်လို ကလေးတစ်ယောက်အနေနဲ့ အဖေ အော်ဆူလိုက်တာ မှန်သမျှ ကောင်းကင်ဘုံက ချလိုက်တဲ့အမိန့်ပဲ၊ ဘယ်တော့မှ မမေ့ဘဲ ကမ္ဘာလောကကြီးကို အကဲဖြတ်ရာမှာ အရေးကြီးဆုံး နည်းလမ်းတစ်ခုအနေနဲ့ ကျွန်တော့်ထဲမှာရှိနေခဲ့တယ်။ ကလေးဘဝမှာ အဖေနဲ့ ထမင်းအတူစားတိုင်း အဖေရဲ့သင်ကြားမှုအများစုက ထမင်းစားပွဲယဉ်ကျေးမှုအကြောင်းပဲ။ စားပွဲပေါ်လာချတဲ့ အစာကိုစား၊ ကောင်းမကောင်း မဆွေးနွေးနဲ့ ဆိုတာမျိုး၊ ဒါပေမယ့် အဖေကိုယ်တိုင်ကျတော့ အစားအသောက် စားမရရင် 'ဒါ နွားစာပဲ' ထမင်းချက်ကိုလည်း 'နွားပဲ' စသဖြင့်ပြောဆိုပြီး ကိုယ့်စည်းကမ်းကိုယ် ဖျက်ပစ်တတ်တယ်။ အဖေက သိပ်ဆာနေရင်တော့ ရှူးရှူးရှဲရှဲနဲ့ ပါးလုပ်ပါးလောင်း လွေးရတာကို ပိုသဘောကျတတ်တယ်။ ကလေးအနေနဲ့ အမြဲသုတ်သုတ်စားရတယ်။ အဲဒီကျ တစ်စားပွဲလုံး တိတ်သွားပြီး သတိပေးသံက ထွက်ပေါ်လာတတ်တယ်။ "အရင်စား၊ ပြီးမှ စကားပြော" ဒါမှမဟုတ်လည်း "မြန်မြန် မြန်မြန် မြန်မြန်" ဒါမှမဟုတ်လည်း "ကြည့်စမ်း ငါဖြင့်စားပြီးတာ ကြာလှပေါ့"၊ "အရိုးတွေကို သွားနဲ့မကိုက်ရဘူး"၊ ဒါပေမယ့် အဖေကတော့ ကိုက်လို့ရတယ်၊ "ဗင်နီဂါကို အသံထွက်အောင် မစုပ်ရဘူး"၊ ဒါပေမယ့် အဖေကတော့ စုပ်လို့ရတယ်။ "အဓိက က ပေါင်မုန့်ကို တန်းလှီးထားဖို့"၊ ဒါပေမယ့် အဖေကတော့ ဟင်းအနှစ်တွေ တရွှဲရွှဲခါးနဲ့ လှီးလည်း ကိစ္စမရှိဘူး။ "စားကြွင်းစားကျန်တွေ ကြမ်းပေါ်မကျအောင် ဂရုစိုက်"။ ပြီးလို့

mgyoe.com

mgoe.com SAMPLE BOOK

ကြည့်လိုက်ရင် အဖေ့စားပွဲအောက်မှာပဲ အများဆုံးတွေ့ရတယ်။ "ထမင်းစားစားပွဲမှာ စားတာကလွဲပြီး ကျန်တာ ဘာမှ မလုပ်ရဘူး"။ ဒါပေမယ့် အဖေကတော့ လက်သည်းချေး ကလော်တယ်၊ လှီးတယ်။ ခဲတံချွန်တယ်၊ သွားကြားထိုးတံနဲ့ နားကလော်တယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို မှန်မှန်ကန်ကန် နားလည်ပေးပါလား အဖေ၊ အဲဒီအရာတွေက ဘာမှမဟုတ်တဲ့အသေးအဖွဲလေးတွေပါ၊ ဒါပေမယ့် ဩဇာအာဏာအရှိဆုံးဖြစ်တဲ့ အဖေက ကျွန်တော့်အပေါ်ချထားတဲ့ ပညတ်ချက်တွေကို ကိုယ်တိုင်မလိုက်နာတဲ့အခါ အဲဒါတွေက ကျွန်တော့်ကို စိတ်မချမ်းသာအောင် လုပ်နေတော့တယ်။ ဒီတော့ ကမ္ဘာကြီးက ကျွန်တော့်အဖို့ သုံးပိုင်းကွဲသွားတယ်။ တစ်ခုက ကျွန်တော့်ရဲ့ ကမ္ဘာ၊ အဲဒီမှာ ကျွန်တော်က ကျွန်ပဲ၊ ကျွန်တော့်အတွက် ဖန်တီးထားတဲ့ ဥပဒေတွေအောက်မှာ နေထိုင်ရတယ်၊ ဘာကြောင့်မှန်းမသိပေမယ့် အဲဒီ ဥပဒေတွေကို ကျွန်တော် ဘယ်တော့မှ အပြည့်အဝ မလိုက်နာနိုင်ခဲ့ဘူး။ အဲဒီနောက် ဒုတိယကမ္ဘာ။ အဲဒီကမ္ဘာကတော့ ကျွန်တော်နဲ့ အသင်္ချေမျှ ဝေးကွာလှတဲ့ ကမ္ဘာ၊ အဖေ့ရဲ့ ကမ္ဘာ။ အဲဒီကမ္ဘာက အုပ်ချုပ်သူနဲ့ဆိုင်တယ်၊ အမိန့်တွေ ထုတ်ပြန်တာ၊ မလိုက်နာရင် အမျက်တော်ရှတာတွေနဲ့ သက်ဆိုင်တယ်။ နောက်ဆုံး တတိယကမ္ဘာကတော့ တခြားလူတွေရဲ့ ကမ္ဘာ၊ အဲဒီမှာ လူတွေက ပျော်ပျော်ရွှင်ရွှင်ပဲ၊ အမိန့်တွေ မရှိ၊ လိုက်နာရမှာတွေ မရှိ။ ကျွန်တော့်မှာ အမြဲလို အရှက်ရနေမိတယ်။ အဖေ့ရဲ့ အမိန့်တွေကို လိုက်နာပြန်ရင်လည်း ရှက်စရာပဲ၊ ဘာကြောင့်ဆို အဲဒီအမိန့်တွေက ကျွန်တော်တစ်ယောက်ထဲနဲ့ပဲ အကျုံးဝင်လို့။ မလိုက်နာပြန်ရင်ကော၊ ဒါလည်းပဲ ရှက်စရာပဲ၊ ကျွန်တော်က ဘယ်လိုလုပ် အဖေ့ကို ဗီဆန်လို့ရမလဲ။ နောက်တစ်ခုက မလိုက်နာနိုင်ရင်ကော၊ ဥပမာ ပြောရရင်အဖေ ဘယ်လိုပဲ ကျွန်တော့်ကိုမျှော်လင့်ထားထား၊ ကျွန်တော်က အဖေ့လို ခွန်အား၊ ဆန္ဒပြင်းပြမှု၊ ကျွမ်းကျင်မှုတွေမှ မရှိတာ၊ အဲဒါကတော့ ရှက်စရာအကောင်းဆုံးပေါ့။ ဒါက ကလေးတစ်ယောက်ရဲ့ ခံစားမှု ဆိုတာထက် ပြန်ပြောင်းသတိရ စီးမျောကြည့်တဲ့ သဘောပါ။ အဲဒီတုန်းက ကျွန်တော့် အခြေအနေကို အခု ဖီးလစ်ရဲ့ အခြေအနေနဲ့ ယှဉ်ကြည့်လိုက်ရင် ပိုပြီး ရှင်းသွားတယ်။ အဖေက သူ့ကိုလည်း ဒီလိုပဲဆက်ဆံတာပါပဲ။ တကယ်တော့ အတော်လေး ဆိုးဆိုးရွားရွားနည်းလမ်းကိုတောင် သုံးခဲ့ပါသေးတယ်။ ထမင်းစားရင်း သူက အဖေ့အမြင်မှာ မသန့်ရှင်းတဲ့အရာတစ်ခုခု လုပ်လိုက်တယ်ဆို အဖေက ကျွန်တော့်ကို ပြောနေကျ "မင်းက ဝက်ပဲ" ဆိုတာနဲ့တင် မတင်းတိမ်သေးဘဲ "တကယ့် ဟာမန်းပဲ" တို့ "မင်းအဖေလိုပဲ" တို့ပါ ပြော



mgoe.com

mgyoe.com SAMPLE BOOK

သေးတာ။ အခုအချိန်မှာ ဒီလိုဆက်ဆံတဲ့အတွက် ဖီးလစ်အဖို့ အခြေခံကျကျ ထိခိုက်နာကျင်တာမျိုး မရှိနိုင်လောက်ဘူး။ (အသေအချာတော့ ဘယ်သူပြော နိုင်မလဲ) ဘာကြောင့်ဆို အဖေက သူ့ရဲ့အဖိုးပဲ၊ အရေးကြီးတဲ့သူဆိုပေမယ့် (ကျွန် တော့်လိုမျိုး) သူ့အတွက် အဖေဟာ အရာရာမဟုတ်ဘူး။ သည့်အပြင် ဖီးလစ် က တိတ်တိတ်ဆိတ်ဆိတ်သမား၊ အခုအရွယ်ကတည်းက ယောက်ျားဆန်တဲ့ စရိုက်မျိုးရှိတယ်။ သူ့အပေါ် မိုးချုန်းသလိုအသံကြီးနဲ့ ပြောတာကို နည်းနည်း တော့ ကြောင်တက်တက် ဖြစ်ကောင်းဖြစ်သွားမယ်၊ ဒါပေမယ့် အဲဒီရဲ့ လွှမ်းမိုး ခြယ်လှယ်မှုကို အမြဲခံနေမှာတော့ မဟုတ်ဘူး။ အဲဒါတွေထက် သူက အဖေနဲ့ ဒီလောက်ကြီးနေရတာမဟုတ်ဘူး၊ သည့်အပြင် သူ့မှာ တခြားလွှမ်းမိုးမှုတွေ လည်း ရှိသေးတယ်။ သူ့အတွက် အဖေက ချစ်စရာကောင်းတဲ့ စိတ်ဝင်စားစရာ ပုဂ္ဂိုလ်ပဲ၊ အဖေ့ဆီက သူလိုချင်တာရွေးပြီး ယူလို့ရတယ်။ ကျွန်တော့်မှာတော့ အားလုံးကို လက်ခံရတယ်။ ကျွန်တော့်မှာ အားလုံးကိုမကန့်ကွက်ဘဲ လက်ခံရ တယ်၊ ဘာကြောင့်ဆို အဖေနဲ့က အဖေသဘောမတူတဲ့ အကြောင်းအရာဖြစ် ဖြစ်၊ အဖေ စမပြောတဲ့ အကြောင်းအရာဖြစ်ဖြစ် တစ်ခုခုကို အေးအေးဆေး ဆေး ပြောဖို့ ဆိုတာဖြစ်မှ မဖြစ်နိုင်တာ။ အဖေ့ရဲ့ ခြယ်လှယ်လွန်းတဲ့ ပင်ကိုယ် စရိုက်က ခွင့်မပြုဘူးလေ။ ဒီ နောက်ပိုင်းနှစ်တွေမှာတော့ အဖေက တစ်ခုခုဆို နှလုံးက ထိတ်ခနဲ ဖြစ်တတ်လို့ပါလို့ ရှင်းပြဖူးတယ်။ အဖေဟာ တကယ်ပဲ တစ် မူထူးပြီး ကွဲလွဲနေတာလား ကျွန်တော်တော့ မသိဘူး။ ဒါပေမယ့် နှလုံးအခြေ အနေကိုအကြောင်းပြပြီး အဖေက ပိုပြီးလွှမ်းမိုးခြယ်လှယ်တာတော့ အမှန်ပဲ၊ ဘာကြောင့်ဆို တခြားသူတွေအဖို့ရာ ဒီကိစ္စကြောင့် အဖေနဲ့ အတိုက်အခံလုပ် ငြင်းဖို့ ခက်နေလို့ပဲ။ ဒါက အဖေ့ကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ တကယ့်အ ဖြစ်ကို ပြောတာပါ။ အော်(တ်)လာကိစ္စတုန်းကဆို အဖေက ပြောတယ်လေ "မင်း သူ့ကို စကားလုံးဝမပြောနဲ့ သူက မင်းကိုခုတုံးလုပ်ပြီး တက်သွားမှာတဲ့" တကယ့်လက်တွေ့မှာ သူ ဘယ်သူ့ကိုမှ ခုတုံးလုပ်ပြီး ထွက်မသွားဘူး၊ အဖေ က ပြောနေတဲ့ အကြောင်းအရာနဲ့ လူကိုရောထွေးသွားတတ်တယ်၊ အဲဒီမှာ အကြောင်းအရာက ခုန်ထွက်လာတတ်ပြီး အဖေက အဲဒီလူပြောတာ နားမ ထောင်တော့ဘဲ ချက်ချင်းပဲ ကောက်ဆုံးဖြတ်တော့တယ်။ အဲဒီနောက် ဘာလာ ပြောပြော အဖေ ဘယ်တော့မှလက်မခံတော့ဘူး၊ ဒေါသူပုန်ထတော့တယ်၊ အဲဒီ အခါမျိုးမှာ အဖေ့ဆီက အမြဲကြားရလေ့ရှိတာက "မင်း ကြိုက်သလိုသာလုပ် တော့၊ ငါ့အမြင်တော့ မင်းအရွယ်ရောက်ပြီ လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်

mgyee.com SAMPLE BOOK

တယ် ငါ့မှာ မင်းကို ဘာမှအကြံပေးစရာ မရှိဘူး" ဆိုတဲ့စကားမျိုးတွေပဲ။ ဒီစကားတွေကို လုံးလုံးအပြစ်တင်တဲ့ လေသံ၊ ကြောက်စရာ အက်ကွဲကွဲအသံကြီးနဲ့ ဒေါသတကြီး ပြောချတတ်တယ်၊ အခုအချိန်မှာတော့ ငယ်ငယ်ကလောက် တုန်ယင်မနေတော့ဘူးပေါ့။ ဒါဟာ ကလေးတစ်ယောက်ရဲ့ နဂိုသဘာဝ အပြစ်မကင်းစိတ် သက်သက်ကို အခုအချိန်မှာ အဖေရော ကျွန်တော်ပါ ပိုင်ဆိုင်ထားတဲ့ "ဘာတတ်နိုင်မှာလဲ" ဆိုတဲ့ အမြင်တစ်ခုနဲ့ အစားထိုးလိုက်လို့ပဲ ဖြစ်လိမ့်မယ်။ အေးအေးဆေးဆေး အတူထိုင်ပြီး ဆွေးနွေးဖို့ မဖြစ်နိုင်ခြင်းရဲ့ နောက်ထပ်အကျိုးဆက်တစ်ခုကတော့ ကျွန်တော့်မှာ စကားပြောနိုင်စွမ်း ကင်းမဲ့သွားခြင်းပါပဲ။ ဒါ သိပ်ကို သဘာဝကျပါတယ်။ ကျွန်တော်ဟာ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် အာဝဇ္ဇန်းကောင်းတဲ့ သူတစ်ယောက် ဖြစ်မလာတော့ဘူးလို့ ကျွန်တော် ပြောရဲတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ပုံမှန် လူ့စကားကိုတော့ ချောချောမောမော ပြောနိုင်ပါလိမ့်မယ်။ ဒါပေမယ့် သိပ်ကိုငယ်သေးတဲ့အချိန်မှာ အဖေ ကျွန်တော် စကားပြောမှာကို ပိတ်ပင်ခဲ့တယ်။ အဖေက ဟောက်တယ်၊ တစ်ခွန်းမှ ခံမပြောစမ်းနဲ့တဲ့၊ ပြီးတော့ လက်ကပါလိုက်ပါပြီး မြှောက်လာတတ်တာ အမြဲပဲ။ အဖေက ကိုယ့်အကြောင်းကိုယ်ပြောတဲ့အချိန်တိုင်း စကားပြောကောင်းတဲ့သူပဲ။ ဒါပေမယ့် အဖေ့ဆီက ကျွန်တော်ရလိုက်တာက စကားပြောရင် တွန့်ဆုတ်တွန့်ဆုတ်နဲ့ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတတ်တာပဲ။ ဒါတောင် အဖေက သိပ်နားထောင်ချင်လှတာမဟုတ်၊ ဒီတော့ နောက်ဆုံး ကျွန်တော့်မှာ အသံတိတ်ပဲနေတော့တယ်။ ကနဦးကတော့ ပမာမခန့်လုပ်ချင်လို့ ဖြစ်မယ်၊ ဒါပေမယ့် နောက်ပိုင်းတော့ အဖေရှေ့မှာ စဉ်းစားလည်း မစဉ်းစားချင်၊ စကားလည်း မပြောချင်တော့တာကြောင့်ပါ။ ပြီးတော့ အဖေက ကျွန်တော့်ကို လူလားမြောက်အောင် ပျိုးထောင်လာတဲ့သူဆိုတော့ ဒီကိစ္စက ကျွန်တော့်ဘဝရဲ့ မျက်နှာစာတိုင်းကို ရိုက်ခတ်နေခဲ့တယ်။

ကျွန်တော်က အဖေ့ဆန္ဒကို ဘယ်တုန်းကမှ မလိုက်နာဘူးလို့ အဖေ ယုံကြည်နေတာ သိပ်ကိုအံ့သြစရာကောင်းတဲ့ အမှားပါပဲ။ အဖေ ယုံကြည်သလို၊ အဖေ စွပ်စွဲသလို အဖေ့ကို အမြဲကဏ္ဍကောစလုပ်ဖို့က ကျွန်တော့် အခြေခံမူ မဟုတ်ပါဘူး၊ တကယ်တော့ အဲဒါနဲ့ ပြောင်းပြန်ပါပဲ။ ကျွန်တော် အဖေ့စကား လိုက်နာတာနည်းလေ အဖေကျေနပ်လေ ဖြစ်မယ်ဆိုတာ ကျွန်တော် ပြောရဲတယ်။ အဲဒီတော့ အဖေတိုင်းတာတဲ့ အမှတ်ပေး စည်းမျဉ်းတွေနဲ့ ကိုင်လို့ရတာ ပေါ့။ ကျွန်တော် တစ်ချက်လေးမှ မလှုပ်နိုင်တော့ဘူးပေါ့။ ကျွန်တော့်ရဲ့ ပင်ကိုယ်

m gyobe.com ခံစားခံရယ်ဘဝရဲ့ လွမ်းမိုးမှုတွေကို ဖယ်လိုက်ရင် အခုလက်ရှိ ကျွန်တော်က အဖေ့ပျိုးထောင်မှုရဲ့ ရလဒ်၊ ကျွန်တော် လိုက်နာမှုရဲ့ အသီးအပွင့်ပဲလေ။ ဒီရလဒ်က အဖေ့ကို စိတ်ပျက်စေတယ်ဆိုရင် ဒါဟာ ပုံသွင်းတဲ့ အဖေ့လက်နဲ့ ကုန်ကြမ်းဖြစ်တဲ့ ကျွန်တော်တို့ကြား အစေးမကပ် အစပ်မတည့်ကြလို့ပဲ။ အဲဒါတောင်မှ အဖေ့မသိစိတ်ထဲမှာ ဒါဟာ အဖေ့ရဲ့ ပျိုးထောင်တဲ့ နည်းလမ်းတွေကြောင့် ဆိုတာ အသိအမှတ်မပြုချင်လှဘူး။ အဖေက ကိုယ်သဘောမတူနိုင်တဲ့ ကိစ္စမှာ တစ်ဖက်သားကို အသံတိတ်သွားအောင်ဆိုပြီး တစ်ခွန်းမှခံမပြောနဲ့လို့ ပြောလိမ့်မယ်။ ဒါပေမယ့် အဲဒီရဲ့ သက်ရောက်မှုက ကျွန်တော့်အပေါ် ပြင်းထန်လွန်းတယ်၊ ကျွန်တော့်မှာ သိပ်ကိုအပိုးကျိုးသွားတယ်၊ လုံးလုံးကို ထုံ အ လာတော့တယ်။ အဖေ့ဆီကနေ ကိုယ်ကို ကျုံ့ပြီး ထွက်လာတတ်တယ်၊ အဖေ မမြင်အောင် နေတတ်ပြီး အဖေ့အာဏာ မသက်ရောက်တော့တဲ့ (အနည်းဆုံး တိုက်ရိုက်မသက်ရောက်တော့) ခပ်လှမ်းလှမ်းရောက်သွားမှပဲ ငေးကြည့်ရဲတော့တယ်။ ဒါပေမယ့် အဖေက အဲဒါတွေအားလုံးကို ကြည့်ပြီး ကျွန်တော်က ကန့်လန့်တိုက်နေတယ်လို့ ထင်ပြန်တယ်၊ ဒါဟာ အဖေ့ရဲ့အားကြီးမှုနဲ့ ကျွန်တော့်ရဲ့ပျော့ညံ့မှုတို့ကနေ ထွက်ပေါ်လာခဲ့တယ်ဆိုတာ မငြင်းနိုင်တဲ့ သက်သေ အထောက်အထားပါပဲ။

အဖေ ကျွန်တော့်ကို ပျိုးထောင်ရာမှာ သိပ်ကိုထိရောက်ပြီး မရိုးနိုင်တဲ့ စကားအလင်္ကာ နည်းလမ်းတွေကတော့ ဆဲဆိုမယ်၊ ခြိမ်းခြောက်မယ်၊ သရော်မယ်၊ မလိုတမာ ရယ်မယ်၊ ပြီးတော့ ထူးထူးခြားခြား ကိုယ့်ကိုယ်ကို ပြန်သနားနေမယ်။ ကျွန်တော့်အနေနဲ့ အဖေ ကျွန်တော့်ကို စကားလုံးရိုင်းရိုင်းတွေနဲ့ ဆဲဆိုကြိမ်းမောင်းတာတွေကို ပြန်မတွေးချင်တော့ပါဘူး။ လိုလည်း မလိုအပ်ဘူးလေ။ အဖေ့မှာ တခြားနည်းလမ်းတွေလည်း အများကြီးရှိသေးတယ်။ သည့်အပြင် အိမ်မှာ(အထူးသဖြင့် ဆိုင်မှာ) စကားပြောတဲ့အခါ ဆဲဆိုတဲ့ စကားလုံးတွေ အများကြီးက ကျွန်တော့် အနားမှာ ဝန်းရံပျံသန်းလို့နေကြတယ်၊ ကလေးတစ်ယောက် အနေနဲ့ အဲဒီစကားလုံးတွေကြောင့် တစ်ခါတစ်ရံ ကြက်သေသေသွားမိတတ်တယ်၊ ပြီးတော့ အဖေပြောနေတဲ့ တခြားသူတွေထဲမှာ ကျွန်တော့်ထက် ဆိုးတဲ့သူတွေ မပါတာသေချာတယ်လေ၊ အဖေက သူတို့ကို ကျွန်တော့်လောက် စိတ် တိုင်းမကျ မဖြစ်ဘူးဆိုတော့ ဒါဟာ ကျွန်တော့်ပဲ ရည်ညွှန်းတယ်ဆိုတာ ငြင်းစရာ အကြောင်းမရှိဘူးလေ။ ဒီနေရာမှာလည်း အဖေ့ရဲ့ နားမလည် နိုင်စရာ ကလေးဆန်မှု၊ ဘာမထီစိတ်ထားက စကားပြောတာပါပဲ။ အဖေက ကိုယ်ဘာ

mgyobe.com

mgyoe.com

လုပ်နေလဲ နည်းနည်းပါးပါးတောင် ပြန်မစဉ်းစားဘဲ ဆဲဆို အော်ဟစ်တတ်တယ်၊ အဖေက သူများကိုသာ စကားရိုင်းရိုင်းတွေနဲ့ အပြစ်တင်ကြိမ်းမောင်းမယ်၊ သူ့ကိုတော့ အဲဒီလိုမပြောဖို့ ပြန်တားမြစ်တယ်။ အဖေက ရင့်သီးရိုင်းစိုင်းတဲ့ အပြင်ကို ထပ်ဆင့်ပြီး ခြိမ်းခြောက် လိုက်သေးတယ်။ အဲဒါမျိုး ကျွန်တော့်ကို လုပ်နေကျ။ ကျွန်တော့်မှာ အခုလိုမှတ်ချက်မျိုးဆို သိပ်ကြောက်တယ် "ငါမင်းကို ငါးတစ်ကောင်လို တစ်စစီဆွဲဖြဲပစ်လိုက်မယ်"၊ ဘာမှ ဆိုးဆိုးရွားရွားဆက်ဖြစ်မယ်မဟုတ်မှန်းတော့ သိတာပေါ့လေ (ဒါတောင် ကလေးဘဝမှာ အဲဒီလို မသိခဲ့ပါဘူး) ဒါပေမယ့် အဲဒါက ကျွန်တော်သိထားတဲ့ အဖေ့ရဲ့ အာဏာပါဝါနဲ့ လုံးဝတစ်ထပ်ထဲပဲ။ အဖေ့မှာ အဲဒီလိုလုပ်နိုင်တဲ့ အစွမ်းရှိတယ်လို့ ကျွန်တော် မြင်တယ်။ အဖေ ကျွန်တော့်ကို စားပွဲပတ်ပြီး အော်ဟစ်လိုက်ဖမ်းတုန်းကလည်း ကြောက်မိတာပဲ၊ အဖေ ကျွန်တော့်ကို တကယ်ဖမ်းဖို့ မရည်ရွယ်ပေမယ့် တကယ်ဖမ်းတော့မယ့်အတိုင်း သရုပ်ဆောင်ပြီး လိုက်တယ်၊ အဆုံးမှာ အမေက ကျွန်တော့်ကို ကယ်မယ့်ဟန်ဆောင်ရတယ်။ ကလေးတစ်ယောက်အနေနဲ့ အဖေရဲ့ ညှာတာမှုကြောင့်သာ အသက်ရှင်ရသလိုလို ကျွန်တော် ထင်သွားတယ်၊ လူ့အသက်တစ်ချောင်းက အဖေ့ဆီကရတဲ့ မထိုက်တန်တဲ့ လက်ဆောင်လို ဖြစ်သွားတယ်။ ဒါက စကားနားမထောင်လို့ ခြိမ်းခြောက်တဲ့ ပုံစံတစ်မျိုးပေါ့။ ကျွန်တော်က အဖေမကြိုက်တဲ့ အရာတစ်ခုခု လုပ်တော့မယ်ဆိုတာနဲ့ အဖေက မင်းအလုပ်ဖြစ်မှာမဟုတ်ဘူးလို့ ခြိမ်းခြောက်တော့တယ်။ အဖေ့ထင်မြင်ချက်ကို သိပ်လေးစားတဲ့ ကျွန်တော့်အဖို့ (တစ်ချိန်ချိန်) အမှန်တကယ်မအောင်မမြင်ဖြစ်တော့မှာ မြေကြီးလတ်ခတ်မလွဲပဲ။ ကျွန်တော့်မှာ ကိုယ့်ဘာသာ ဘာလုပ်လုပ် ယုံကြည်မှု ပျောက်ဆုံးသွားတယ်။ သံသယအပြည့်နဲ့ ဂနာမငြိမ်ဖြစ်တော့တယ်။ ကျွန်တော် အရွယ်ရလာလေလေ အဖေ့မှာ ကျွန်တော့်ရဲ့ အသုံးမကျမှုတွေကို သက်သေပြဖို့ အထောက်အထားတွေ ပိုစုမိလာလေပဲ။ တဖြည်းဖြည်းနဲ့ အဖေက တကယ်ပဲ တချို့အပိုင်းတွေမှာ မှန်လာတော့တယ်။ တစ်ခါ ကျွန်တော့်အနေနဲ့ ကျွန်တော် ဒီလိုဖြစ်လာရတာဟာ အဖေ့ကြောင့်သက်သက်လို့တော့ အခိုင်အမာ မဆိုရဲဘူး။ အဖေက မီးလောင်ရာ လေပင့်ပေးလိုက်တာပါ။ ဒါပေမယ့်အဖေ့ရဲ့ တွန်းအားက သိပ်ကိုပြင်းလွန်းတယ်၊ ဘာကြောင့်ဆို ကျွန်တော့်အဖို့ အဖေက သိပ်ကိုအာဏာထက်လွန်းပြီး အဖေက အဲဒီအာဏာကို အစွမ်းကုန် အသုံးချခဲ့တာကိုး။

အဖေက သားသမီးပျိုးထောင်ရာမှာ သရော်လှောင်ပြောင်ရတာ

mgyoe.com SAMPLE BOOK

ကို သိပ်ကိုယုံကြည်တယ်။ ဒီလို သရော်လှောင်ပြောင်တဲ့နည်းက ကျွန်တော့် အပေါ်မှာ အဖေ့ရဲ့သာလွန်ကြီးမြတ်မှုကို ကွက်တိထိန်းထားနိုင်တယ် မဟုတ်လား။ အဖေက အမြဲပဲ အခုလိုမျိုးသတိပေးလေ့ရှိတယ်။ "မင်း ဒါတွေ ဒါတွေ မလုပ်နိုင်ဘူးလား၊ မင်းအတွက် သိပ်ခက်တယ်ပေါ့။ ထင်ပါတယ်လေ ဒါပေါ့လေ မင်းမှာ အချိန်မှ မရှိတာကိုး ဟုတ်တယ် မဟုတ်လား" အဲဒီလိုမျိုး ငေါ့တာ။ ပြီးတော့ အဲဒီလိုမေးခွန်းထုတ်တိုင်း အဓိပ္ပါယ်ပါတဲ့ မျက်နှာပေးနဲ့ မလိုတမာ ရယ်နေကြ။ ကလေးတစ်ယောက်အနေနဲ့ သူ ဘာအမှားလုပ်မိမှန်းတောင် မသိသေးခင် အတိုင်းအတာတစ်ခုအထိ အပြစ်ပေးခံရသလို ဖြစ်နေတယ်။ ပြီးတော့ အဲဒီ ပြစ်တင်မောင်းမဲပုံကလည်း သိပ်စိတ်တိုစရာ ကောင်းတယ်၊ ကျွန်တော်နဲ့ အတူထိုင်နေချိန်မှာ ကျွန်တော့်ကို တိုက်ရိုက်မပြောဘဲ အမေ့ကို ပြောတဲ့ပုံစံနဲ့ ဆိုတော့ တိုက်ရိုက်လည်း ဒေါသထွက်လို့မရ။ ဥပမာ "ဟုတ်တာပေါ့ ဒါ တို့ရဲ့ အဖိုးတန် သားဆီကနေ သိပ်ပြီးမျှော်လင့်ရာကျမှာပေါ့" ဆိုတာမျိုး (ဒီ ကစားနည်းက ကြာတော့ တန်ပြန်အသုံးချခံရတယ်၊ ကျွန်တော် အဖေ့ဆီ တိုက်ရိုက် မမေးရဲတာတွေ အမေရှိနေရင် အမေ့ကို မေးတယ်၊ ကြာတော့ အကျင့်လိုဖြစ်လာပြီး ကျွန်တော့်မှာ အဖေ့ကို တိုက်ရိုက်မေးဖို့ စိတ်ကိုမကူးတော့၊ ကလေးတစ်ယောက်အနေနဲ့ အဖေ့ဘေးမှာထိုင်နေတဲ့ အမေ့ကို မေးရတာ အများကြီး အန္တရာယ်ကင်းတယ်လေ၊ အမေ့ကို "အဖေကကော ဘယ်လိုရှိလဲ..."လို့ မေးလိုက်တာမျိုးပေါ့၊ သည်နည်းနဲ့ မထိတ်သာမလန့်သာ မဖြစ်အောင် ကိုယ့်ကိုယ်ကို ကာကွယ်ထားရတာပေါ့)။

တစ်ခါတစ်ရံ အဖေနဲ့ တစ်လေသံထဲ ရိုင်းရိုင်းစိုင်းစိုင်း ရွဲ့ပြောမိတာတွေလည်း ရှိတတ်ပါတယ်။ တခြားတစ်ယောက်ကို ရည်ရွယ်ပြီးပြောတဲ့အခါမျိုးပေါ့၊ ဥပမာပြောရရင် အဲလီ ကိစ္စလိုမျိုးပေါ့၊ ကျွန်တော်က သူနဲ့ အဆင်မပြေတာ နှစ်နဲ့ချီနေပြီကိုး။ အစာစားတိုင်း အဖေက သူ့ကို ရည်ညွှန်းပြီး "ဒီကောင်မကို စားပွဲနဲ့ ဆယ်မီတာလောက်အကွာမှာ ထိုင်ခိုင်းမှ၊ လူကောင်ကြီးက နည်းတာကြီး မဟုတ်ဘူး" စသဖြင့် အမြဲပြောတယ်၊ ပြီးတော့ အဖေက လက်တင်ကုလားထိုင်က မထဘဲ မလိုတမာနဲ့ သူ့ပုံစံမျိုး လုပ်ပြတတ်တယ်၊ သူ့ရဲ့ ခါးသီးတဲ့ ရန်သူလို တစ်စက်လေးမှ မညှာပဲ ပိုပိုသာသာ လုပ်ပြတတ်တယ်။ မသိရင် သူက အဲဒီမှာ ထိုင်နေတာကို အဖေ့မှာ ဘယ်လိုမှ မနှစ်မြို့နိုင်အောင် ဖြစ်နေတဲ့ပုံမျိုး။ ကျွန်တော့်အဖို့ မလိုတမာစိတ်နဲ့ ဝမ်းမြောက်နေမိတဲ့ စားသောက်ပွဲတွေပါပဲ။ အဖေ

mgyoe.com

mgyee.com SAMPLE BOOK

ဒီလိုမျိုး ဘယ်လောက်တောင်လုပ်ခဲ့ပြီးပြီလဲ၊ အဲဒီကနေ အဖေ တကယ် တမ်း ဘာများရခဲ့သလဲ။ ကျွန်တော်ထင်တာက ဒေါသနဲ့ မလိုတမာ စိတ်တွေက အကြောင်းအရာနဲ့ ဘာမှမဆိုင်ဘဲ အသားလွတ်ထွက် နေကြတာကိုး၊ စားပွဲက နေ ဝေးဝေးမှာထိုင်ရတဲ့ အသေးအဖွဲကိစ္စမျိုးအတွက် ဘယ်သူမှ ဒေါသထွက် စရာ မရှိဘူးလေ၊ ဒါ နဂိုထဲက ပြဿနာရှာချင်လို့ပဲ၊ ဒီကိစ္စက အကြောင်းပြ သက်သက်ပဲ။ တစ်ခုခုကို လုပ်ချင်လာရင် အကြောင်းပြချက်က ရှာလို့ရတာပဲ လေ၊ သိပ်ဝေးဝေး ရှာစရာမလိုပါဘူး၊ လူတစ်ယောက်ဟာ အဲဒီလို အဆက်မ ပြတ်ခြိမ်းခြောက်ခံရရင် ဘယ်သူမဆို ငြီးငွေ့ထုံထိုင်းလာမှာပဲလေ၊ ဘယ်လိုပဲ ဖြစ်ဖြစ် အရိုက်အနှက်မခံရတော့ဘူးဆိုတာ တဖြည်းဖြည်း သဘောပေါက် လာလိမ့်မယ်၊ အဲဒီအခါ အတွင်းစိတ်ထဲမှာ အမြဲတမ်း ထွက်ပြေးချင်နေတဲ့ သုန် သုန်မှုန်မှုန်နဲ့ ပြန်မပြောနားမထောင်တဲ့ ကလေးတစ်ယောက် ဖြစ်လာရော။ အဲဒီအတွက် အဖေလည်း ခံစားရသလို ကျွန်တော်တို့လည်း ခံစားရတယ်။ အဖေ သွားကိုကြိတ်ပြီး လည်ချောင်းသံကြီးနဲ့ ရယ်နေတာက အဖေ့ဘက်က ကြည့်ရင် အဖေမှန်တယ်။ ဒါပေမယ့် ကလေးတစ်ယောက်အတွက်တော့ ငရဲ ဆိုတာကို ပထမဆုံး သတိပြုမိတာပဲ၊ အဖေက ခါးခါးသီးသီး ပြောလေ့ရှိတယ် (တလောက ကွန်စတန်တီနိုပယ်ကလာတဲ့ စာအပေါ် အဖေပြောခဲ့သလို) 'တ ကယ့် လူသိုက်ပဲ' ကလေးတွေအပေါ် ဒီစိတ်ထားမျိုးနဲ့က သိပ်အဆင်မပြေလှ တဲ့အတွက် အဖေ မကြာခဏ လူရှေ့သူရှေ့မှာ ညည်းတွားတတ်တယ်။ ကလေး တစ်ယောက်အနေနဲ့တော့ အဲဒီအတွက် ဘယ်လိုမှမခံစားရသလို အဖေ ဘာ ကြောင့် ကျွန်တော်တို့ဆီက စာနာမှုကိုမျှော်လင့်နေတာလဲ အဲဒီအရွယ်မှာ နားမ လည်နိုင်ခဲ့ဘူး။ (နောက်မှပဲ နားလည်ခဲ့တာ) ကျွန်တော်တို့အဖို့ ဘယ်ရှုထောင့် က ကြည့်ကြည့် အဖေက ရောမကြီးပဲလေ၊ ကျွန်တော်တို့ဆီက ကရုဏာ မေတ္တာ က (သူ့ချည်းသက်သက်) ဘာများ အရေးပါလို့လဲပေါ့။ အဖေက ကျွန်တော်တို့ကို အမြဲအထင်သေး အရေးမစိုက်ခဲ့ဘူးဆိုတော့ ကျွန်တော်တို့ရဲ့ အကူအညီကို လည်း အရေး မစိုက် ဘေးချိတ်ထားမှာ အသေအချာပဲလေ။ ကျွန်တော်က အဖေ့ ရဲ့ ငိုချင်းတွေကို မယုံဘူး၊ အဲဒီနောက်ကွယ်မှာ အကြောင်းရင်း ရှိလိမ့်မယ်ဆို ပြီးတော့ပဲ စောင့်ကြည့်တယ်။ နောက်ပိုင်းကျမှသာ အဖေဟာ တကယ်ပဲ သား သမီးတွေအတွက် စိတ်ထိခိုက်ခဲ့ရတယ်ဆိုတာ နားလည်လာခဲ့တယ်။ တခြား အခြေအနေ တစ်ခုမှာဆို အဖေ့ကို ကလေးတစ်ယောက်ရဲ့ ပွင့်လင်းတဲ့ ပင် ကိုယ်စိတ်အခံနဲ့ ကူညီဖို့ အဆင်သင့်ပါပဲ၊ ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ ဒါ

mgyee.com

mgyoe.com

တွေဟာ နောက်ထပ်စည်းကမ်းထိန်းတဲ့နည်း၊ အရှက်ခွဲနည်း တစ်ခုဆိုတာ အသိသာချည်းပဲလို့ မြင်ခဲ့တယ်၊ သူ့ချည်းပဲ သိပ်အစွမ်းမထက်လှပေမယ့် သိပ်အန္တရာယ်ကြီးတဲ့ ဘေးထွက်ဆိုးကျိုးက ကလေးတစ်ယောက်အနေနဲ့ အလေးအနက် ထားရမယ့်အရာတွေကို ပေါ့ပေါ့ပါးပါးပဲ သဘောထားလာတော့တာပဲ။

ကံကောင်းထောက်မစွာပဲ ခြွင်းချက်ကလေးတွေလည်း ရှိပါတယ်၊ အဖေက များသောအားဖြင့် အသံတိတ်ပဲ ခံစားတယ်ဆိုပေမယ့် ချစ်ခြင်းနဲ့ အကြင်နာတရားရဲ့ စွမ်းပကားက လမ်းတစ်လျှောက် အတားအဆီးမှန်သမျှ ကျော်လွှားပြီး ကျွန်တော့်ကို ချက်ချင်းပဲ စိတ်လှုပ်ရှားစေတယ်။ အဲဒီလိုအဖြစ်မျိုးက သိပ်ရှားတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် သိပ်အံ့သြစရာကောင်းတယ်။ ပူပြင်းတဲ့ နွေလယ်နေ့ခင်းမျိုးမှာ အဖေ ထမင်းစားပြီး ဆိုင်မှာထိုင်ရင်း စားပွဲပေါ်လက်ထောက်ကာ တစ်မှေးအိပ်နေတတ်တာ ကျွန်တော်တွေ့တဲ့အခါမျိုး၊ နွေရာသီအားလပ်ရက် ခရီးထွက်ကြတဲ့ ကျွန်တော်တို့ဆီ အမောတကောနဲ့ ရောက်လာတာမျိုး၊ အမေ အကြီးအကျယ်နေမကောင်းတုန်းက အဖေ စာအုပ်စင်ကိုမှီပြီး တသိမ့်သိမ့်နဲ့ ရှိုက်ငိုနေတာမျိုး။ ကျွန်တော် နောက်ဆုံးတစ်ခေါက်နေမကောင်းတုန်းက ကျွန်တော့်ကိုတွေ့ဖို့ အော်(တ်)လာရဲ့ အခန်းထဲ အဖေ အသာလေး လှမ်းဝင်လာတာမျိုး။ ဒါပေမယ့် အဖေက တံခါးဝမှာပဲရပ်ပြီး ခုတင်ပေါ်က ကျွန်တော့်ကို လည်ဆန့်ပြီးပဲကြည့်တယ်၊ ပြီးတော့ အသိအမှတ်ပြုတဲ့အနေနဲ့ လက်ပြ နှုတ်ဆက်တယ်။ အဲဒီလို အခါမျိုးတွေမှာ ပျော်လွန်းလို့ လှဲချပြီး ငိုကြွေးမိတယ်။ အခုလည်း ဒီစာကိုရေးရင်း ငိုနေမိပြန်တယ်။ တွေ့ရခဲပေမယ့် အဖေပြုံးတဲ့ပုံက တိတ်တိတ်ဆိတ်ဆိတ်၊ ကျေနပ်သဘောကျ နေသလိုမျိုး ထူးထူးခြားခြားကို လှလွန်းတဲ့အတွက် တစ်ဖက်သားကို လုံးဝပျော်ရွှင်သွားစေတယ်။ ကျွန်တော့်အနေနဲ့ ကလေးဘဝတုန်းက အဖေ အဲဒီလိုပြုံးတာမျိုး မမှတ်မိတော့ပေမယ့် သေချာပေါက်ရှိခဲ့မှာပါ၊ ဘာကြောင့်ဆို အဲဒီအချိန်တုန်းက အဖေ့အမြင်မှာ ကျွန်တော်က အပြစ်ကင်းစင်သေးတဲ့ အရွယ်၊ အဖေ့ရဲ့ မျှော်လင့်ချက်ကြီးလည်း ဖြစ်နေဆဲမဟုတ်လား။ ဘယ်လိုပဲ ဖြစ်စေ အဲဒီလို ကြင်နာတဲ့ ခံစားမှုလေးတွေတောင်မှ ရေရှည်မှာ ကျွန်တော့်ရဲ့ အပြစ်မကင်းတဲ့ စိတ်ကို ကြီးထွားစေခဲ့ပြီး ကမ္ဘာကြီးကို ပိုမိုနားလည်ရခက်စေခဲ့တယ်။ ကျွန်တော့်အနေနဲ့ လက်တွေ့မှာ အမြဲကြုံနေရတဲ့ အဖေ့စရိုက်ကိုပဲ အတည်မှတ်ယူရတာပါပဲ။ ဒီတော့ အဖေ့ကို အခိုင်အမာဆန့်ကျင်ပြောဆိုဖို့နဲ့ တစ်နည်းတစ်ဖုံလက်စားချေရအောင်လို့ အဖေ့ဆီမှာ ကျွန်တော်သတိထားမိတဲ့ ရယ်ဖို့ကောင်း



mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ စရိုက်လက္ခဏာလေးတွေကို စတင်လေ့လာ စုဆောင်းကာ ချဲ့ကားပြောဆိုဖို့ ကြိုးစားတယ်။ ဥပမာပြောရရင် အဖေက ရာထူးကြီးတဲ့သူတွေနဲ့ဆို ပျာပျာသလဲနဲ့ ဘာမှကို မမြင်နိုင်တော့ လောက်အောင်ဘဲ၊ ဒါတောင် အများစုက အဖေ့ထက် မြင့်တယ်လို့ ထင်ရရုံပါ။ ဥပမာ အင်ပါယာကောင်စီဝင်လို မျိုးတွေပေါ့၊ ပြီးရင် သူတို့အကြောင်း အဖေပြောလို့မဆုံးတော့ဘူး (တစ်ဖက်မှာလည်း အဲဒီလို ကိစ္စမျိုးတွေက ကျွန်တော့်ကို နာကျင်စေတယ်။ ကျွန်တော့်ဖခင်အနေနဲ့ အဖေ့ကို အဲဒီလိုမျိုး ကိုယ့်ကိုယ်ကိုယ် ဘာမဟုတ်တဲ့ အသိအမှတ်ပြုမှုလေးရဖို့ သူတို့တွေနဲ့ ကြွားလုံးထုတ်ဖို့လိုလို့လားလို့) ဒါမှမဟုတ်လည်း အဖေ အကြိုက်တွေ့တဲ့ မတော်တရော် အမူအရာမျိုးကို ကျွန်တော်ကြည့်ထားတယ်။ အဖေက ချီးမွမ်းလို့ ယောက်မမြင်းစီးထွက်တယ်ဆိုတဲ့ ပုံစံမျိုးနဲ့ အော်ကြီးဟစ်ကျယ် ရယ်ပစ်တာမျိုးလည်း လုပ်တတ်တယ် (တစ်ချိန်ထဲမှာ ဒါက ကျွန်တော့်ကို အရှက်ရအောင်လုပ်ပြီးအဖေ့ရဲ့ ပါဝါကို ဖော်ပြတဲ့နည်းလည်း ဖြစ်နေခဲ့တယ်) အဲဒီလို သတိထားမိတာလေးတွေ အများကြီးရှိတယ်။ ကျွန်တော်ကတော့ ပျော်တာပေါ့။ ကျွန်တော့်အတွက် မကြားတကြားလှောင်ရယ်ဖို့ အခွင့်အရေးရတာပေါ့။ အဖေလည်း တစ်ခါတစ်ရံ သတိထားမိပါတယ်။ အဲဒါကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားတတ်တယ်လေ။ အဖေကတော့ ဒါဟာ တမင်လုပ်တာ၊ လေးစားမှုမရှိတာဘဲလို့ ထင်တယ်၊ ဒါပေမယ့် ကျွန်တော်ပြောတာယုံပါ၊ ကျွန်တော့်အဖို့တော့ ဒါဟာ (ဘာမှ အသုံးမဝင်တဲ့) ကိုယ့်ကိုယ်ကို ပြန်အဖတ်ဆည်တဲ့နည်းသက်သက်ပါပဲ။ နတ်ဘုရားတွေ ရှင်ဘုရင်တွေကို လှောင်ပြောင်တဲ့ ဟာသမျိုးပေါ့၊ ဟာသက နက်နက်ရှိုင်းရှိုင်းလေးစားမှုနဲ့တွဲနေရုံမကဘူး၊ အဲဒါရဲ့ အစိတ်အပိုင်းလည်း ဖြစ်တယ်။ စကားမစပ် အဖေလည်း ကျွန်တော့်အနေအထားမျိုး ရောက်သွားတဲ့အတွက် ကိုယ့်ကိုယ်ကို ကာကွယ်ဖို့လုပ်တယ်။ အဖေက အမြဲထောက်ပြတာက မင်း ဘယ်လောက်သက်သာတဲ့ဘဝမျိုး ရထားလဲ၊ မင်းကို ဘယ်လောက်ကောင်းကောင်းမွန်မွန် ထားထားလဲ ဆိုတာမျိုး။ မှန်ပါတယ် ဒါပေမယ့် လက်ရှိအခြေအနေမှာ အဲဒါတွေက ကျွန်တော့်အတွက် အသုံးဝင်တယ်လို့ မယုံကြည်ဘူး။ အမေက ကျွန်တော့်အပေါ် အလွန့်အလွန် ကောင်းတယ်ဆိုတာ အမှန်ပါပဲ။ ဒါပေမယ့် အဲဒါတွေ အားလုံးကလည်း အဖေနဲ့ ဆက်နွယ်နေပါတယ်။ ဒီတော့တစ်ဖက်ကကြည့်ရင် ကောင်းတဲ့အရာတော့ မဟုတ်ဘူး။ အမေက သူ့အခန်းကဏ္ဍကို သတိမထားဘဲ အမဲလိုက်ရာမှာ တောခြောက်သမားနေရာကနေတယ်။ အဖေ့ရဲ့ သားသမီးပျိုးထောင်တဲ့ ပုံစံအရ တစ်ချိန်ချိန်မှာ ဖြစ်တောင့်ဖြစ်

mgyoe.com

mgyoe.com ခဲ့ ကျွန်တော့်စိတ်ထဲ ဖီဆန်လိုမှု၊ မနှစ်မြို့ကဲ့မှုနဲ့ အမုန်းတရားတွေ ပေါ်ထွန်းလာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်လျှောက်ဖို့ လုပ်မိလိမ့်မယ်။ ဒါပေမယ့် အမေရဲ့ ကြင်နာမှု၊ အကျိုးသင့်အကြောင်းသင့်စကား (ကလေးတစ်ယောက်ရဲ့ မရေရာရှုပ်ထွေးမှုတွေကြားမှာ အမေက ဆင်ခြင်တုံတရားရဲ့ သရုပ်သကန်ပဲ) နဲ့ ကြားဝင်ပေးမှုတွေက အဲဒီလိုမလုပ်ဖြစ်အောင် ချေဖျက်ပစ်တယ်။ ဒီတော့ ကျွန်တော့်မှာ အဖေ့ရဲ့ ပတ်လမ်းကြောင်းထဲပဲ ပြန်မောင်းသွင်းခံရပြန်ရော၊ မဟုတ်ရင် ကျွန်တော် အဲဒီပတ်လမ်းကြောင်းကနေ ဖောက်ထွက်မိမှာ။ အဖေကော ကျွန်တော့်အတွက်ပါ ကောင်းဖို့ပေါ့။ အခြေအနေက အမှန်တကယ် ပြေလည်သွားတာလည်း မဟုတ်တော့ အမေက ကျွန်တော့်ကို အဖေ့ရန်ကနေ လျှို့ဝှက်ကာကွယ်မယ်၊ တစ်စုံတစ်ရာ ခိုးကြောင်ခိုးဝှက်ပေးမယ်၊ တိတ်တဆိတ် ခွင့်ပြုပေးမယ်၊ အဲဒီလိုမျိုး။ တစ်ခါ အဖေ့အမြင်မှာကျတော့လည်း ကျွန်တော်က မြေအောက်ကသတ္တဝါ၊ သူ့ အပြစ်သူ လှည့်ဖျားနေတဲ့ကောင်၊ သူ ရသင့်တယ်ထင်တဲ့ အရာတွေကိုတောင်မှ ခိုးကြောင်ခိုးဝှက်နည်းနဲ့ပဲ အရယူတတ်တဲ့ တန်ဖိုးမရှိတဲ့ကောင်၊ မှန်ပါတယ်၊ ကျွန်တော့်အမြင်မှာ ရယူခွင့်မရှိဘူးလို့ ယူဆတဲ့အရာတွေကိုတောင်မှ ဒီနည်းနဲ့ ယူတတ်လာခဲ့တယ်။ တစ်ခါ အဲဒီအတွက် ကျွန်တော့်ရဲ့ အပြစ်မကင်းစိတ်က ကြီးမားလာပြန်တယ်။ အဖေ ကျွန်တော့်ကို ကိုယ်ထိလက်ရောက် ရိုက်နှက်ထိုးကြိတ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အဖို့တော့ အဖေ အော်တဲ့ပုံ၊ မျက်နှာကြီး နီတတ်လာတဲ့ပုံ၊ ပခုံးကြိုးကို အဲဒီလောက် အလောတကြီးဖြုတ်ပြီး ကုလားထိုင်ရဲ့ အနောက်ထဲ အဆင်သင့်ထားပုံက ထိုးကြိတ်တာထက်တောင် ဆိုးပါသေးတယ်။ တစ်ယောက်ယောက်ကို ကြိုးမိန့်ပေးတော့မယ့်ပုံမျိုး။ ကြိုးမိန့်သမားက တကယ်ပဲ ကြိုးဆွဲချလိုက်ရင် သေပြီး ကိစ္စပြတ်ပြီ။ အဲဒီလိုမဟုတ်ပဲ ကြိုးမိန့်ချဖို့ ပြင်ဆင်တာတွေ အကုန်လုံးကို အသိပေးပြီး မျက်နှာရှေ့ ကြိုးကွင်းကျလာတော့မှ သူ့ သေဒဏ်ပျက်သွားပြီဆိုတာ သိလိုက်ရသလိုမျိုး သူ့တစ်သက်တာလုံး ဒါကိုခံစားသွားရနိုင်တယ်၊ပြီးတော့ ပိုဆိုးတာက ကျွန်တော်က ရိုက်နှက်ဖို့ထိုက်တန်ပြီး နောက်ဆုံးအချိန်မှ အဖေ့ရဲ့ သနားညှာတာမှုကြောင့် လွတ်လာသလိုမျိုး အဖေက မကြာခဏ ဘွင်းဘွင်းပဲ ပြောလေ့ရှိတယ်၊ ဒီအတွက် အပြစ်မကင်းစိတ် အကြီးအကျယ် ဖြစ်မိပြန်ပါတယ်။ ဘယ်ဘက်ကကြည့်ကြည့် ကျွန်တော်ကပဲ အပြစ်တင်စရာကောင်းနေခဲ့တယ်၊ အဖေ့အပေါ် အကြွေးတင်နေခဲ့တယ်။ အဖေ့ ကြိုးစားမှုကြောင့် ကျွန်တော့်မှာ ပင်ပင်ပန်းပန်း လုပ်စရာမလိုဘဲ မကြောင့်မကျ မတောင့်

mgyoe.com SAMPLE BOOK

မတ ချမ်းချမ်းသာသာ နေရတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အဖေဟာ အမြဲပဲ ကျွန်တော့်ကို ဝေဖန်ခဲ့တယ်။ (နှစ်ယောက်ချင်းဖြစ်စေ၊ လူအများရှေ့ဖြစ်စေ ဒါဟာ ဘယ်လောက် အရှက်ရစေသလဲဆိုတာ အဖေ မစဉ်းစား၊ အဖေ့ သားသမီးတွေရဲ့ အရေးကိစ္စမှန်သမျှဟာ အမြဲလို အများဆိုင်ကိစ္စ ဖြစ်နေတတ်တယ်) ကျွန်တော့် ဦးနှောက်ထဲမှာ တကယ်ပဲ အက်ကြောင်းထပ်နေတဲ့ မှတ်ချက်တွေအကြောင်း စဉ်းစားနေမိတယ်၊ "ငါ ခုနစ်နှစ်သားတုန်းကဆို ရွာထဲကိုဖြတ်ပြီး လှည်းတွန်းရတယ်"၊ "ငါတို့မှာ အာလူးလေး ရရင်ပဲ ပျော်နေကြရတာ"၊ "ဆောင်းတွင်း အဝတ်အစားကောင်းကောင်း မရှိတဲ့အတွက် ငါ့ခြေထောက်တွေမှာ အနာဟောင်းလောင်းနဲ့"၊ "ငါ့မှာ ကလေးပဲ ရှိသေးတယ်၊ ဆိုင်မှာအလုပ်လုပ်ဖို့ Pisek ကို သွားခဲ့ရတယ်"၊ "ငါ့မှာ အိမ်က ဘာအထောက်အပံ့မှ မရခဲ့ဘူး၊ တပ်ထဲမှာနေတုန်းကတောင် ဘာမှပို့ပေးတာမရှိဘူး ငါကပဲ အိမ်ကိုငွေပို့ပေးခဲ့တာ"၊ "ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ငါ့အဖေက အမြဲတမ်း ငါ့အဖေပါပဲ ၊ ဒီကနေ့ အချိန်မှာ ဒါကို နားလည်တဲ့သူ ဘယ်သူများရှိမလဲ ကလေးတွေ ဒါတွေ ဘယ်သိတော့မလဲ၊ ဘယ်သူမှ ဒီလိုမျိုး မကြုံရတော့ဘူးလေ ဒီကနေ့ ဘယ်ကလေးများ ဒါကို နားလည်သလဲ"၊ တခြား အခြေအနေမှာတော့ ဒီလို ပုံဇာတ်လမ်းမျိုးက ကလေးတွေကို ပျိုးထောင်ပေးဖို့ အကောင်းဆုံးနည်းလမ်းဖြစ်ကောင်းဖြစ်မယ်၊ သူတို့အဖေကြုံခဲ့ရတဲ့ ခက်ခဲကျပ်တည်းတဲ့ အဖြစ်မျိုးကြုံတဲ့အခါ ရှင်သန်ရပ်တည်ဖို့ ခွန်အားနဲ့ စေ့ဆော်မှုကို ပေးနိုင်လိမ့်မယ်။ ဒါပေမယ့် အဖေက ဒါကို လုံးဝလိုချင်တာမဟုတ်ဘူး။ အဖေ့ရဲ့လုပ်အားကြောင့် အခြေအနေက ပြောင်းသွားခဲ့ပြီလေ။ အဖေ့လိုမျိုး အမှတ်ရမယ့် အခွင့်အလမ်းမျိုးလည်း မရှိတော့။ ဒီလိုအခြေအနေမျိုးဖန်တီးဖို့ တစ်ခုတည်းသောနည်းကတော့ စကားများ အတိုက်အခံလုပ်ဖို့လိုလိမ့်မယ်၊ အိမ်ကနေ ထွက်သွားဖို့လိုတယ် ( အဲဒီလိုလုပ်ဖို့ သန္နိဋ္ဌာန်နဲ့ စွမ်းအားရှိတယ်ပဲ ထားပါတော့၊ အမေကလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ဆန့်ကျင်တာမျိုး မလုပ်ဖို့ လိုသေးတယ်) အဖေကတော့ ဒီလိုမျိုးအဖြစ်ကို လုံးဝ မလိုလားပါဘူး။ အဖေကတော့ ဒါကို ကျေးဇူးမသိတတ်ဘူး၊ ဆင်ခြင်ဉာဏ်မရှိဘူး၊ မနာခံဘူး၊ သစ္စာမဲ့တာ၊ ရူးတာပဲလို့ ဆိုလိမ့်မယ်။ အဲဒီတော့ အဖေက တစ်ဖက်မှာ အဖေ့ရဲ့ ဖြတ်သန်းမှု အတွေ့အကြုံတွေကို ဥပမာတွေပေးပြီး ကျွန်တော်တို့တွေကို အရှက်ရသိမ်ငယ်စေကာ အဖေ့လို ကိုယ့်ခြေထောက်ပေါ် ကိုယ်လျှောက်ဖို့ တွန်းအားပေးသလို တစ်ဖက်မှာလည်း အဲဒီလို မလျှောက်နိုင်အောင် အတင်းကျပ်ဆုံးနည်းနဲ့ တားမြစ်ထားပြန်တယ်။ ဥပမာပြောရရင် အသေး

mgyoe.com

mgyoe.com SAMPLE BOOK

အဖွဲ့ နောက်ခံအခြေအနေတွေကို ခဏဘေးဖယ်ထားပြီး ကြည့်မယ်ဆိုရင် အဖေ့အနေနဲ့ အော်(တ်)လာရဲ့ ချူးဟန် စွန့်စားခန်းမျိုး (သူညီမ အော်(တ်)လာဂျာမန် ဘိုဟီးမီးယန်းနယ်မြို့ ချူးဟန်တွင် လယ်ယာလုပ်ငန်းလုပ်ဖို့ စွန့်စားသွားရောက်သည်ကို ညွှန်းသည်။ ကပ်ဖကာ နေမကောင်းဖြစ်စဉ် သွားရောက်အနားယူဖူးသည်။ ။ဘာသာပြန်သူ) ကို အားပေးသင့်တယ်။ သူက အဖေလာခဲ့တဲ့ကျေးလက်မှာ အခြေချချင်တာလေ၊ အဖေ့လိုပဲ သူကလည်းအဲဒီမှာ အလုပ်ကို ဇောက်ချလုပ်ချင်တာ၊ သူက အဖေ့လုပ်အားရဲ့ အသီးအပွင့်တွေကို ထိုင်စားချင်တဲ့သူ မဟုတ်ဘူးလေ၊ အဖေ့လိုပဲ သူကလည်း သူ့အဖေကို အားမကိုးဘဲ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ချင်တာ။ ဒီရည်ရွယ်ချက်တွေက အတော့်ကို ဆိုးဝါးနေလို့လား။ အဖေ့ ဥပမာတွေ အဖေ့သင်ကြားမှုတွေနဲ့ သိပ်ကိုဝေးကွာနေလို့လား။ သိပ်ကောင်းမွန်မှန်ကန်တဲ့ အော်(တ်)လာရဲ့ ရည်ရွယ်ချက်တွေက ကြေကွဲမှုနဲ့ပဲ အဆုံးသတ်ခဲ့ရတယ်။ သူ့စိတ်ကူးတွေက အတော်လေးအဓိပ္ပါယ်မဲ့လာပြီး ဆူညံပွက်လောရိုက်သံတွေနဲ့ပဲ ပြည့်နေတော့တယ်၊ သူက မိဘတွေဘက်ကို အသေအချာ ထည့်မစဉ်းစားခဲ့ဘူး။ ဒါပေမယ့် ဒီအတွက် သူ့တစ်ယောက်ထဲကိုပဲ အပြစ်တင်ဖို့ထက် အခြေအနေကလည်း စကားပြောတယ်၊ အဲဒါတွေထက် အဖေကကော သူ့ကို ခပ်တန်းတန်းနေခဲ့တာ မဟုတ်လား။ သူဆိုင်မှာရှိတုန်းကထက် နောက်ပိုင်း ချူးဟန်ရောက်မှ ပိုပြီးခွာပြသွားတာ မဟုတ်လား၊ နောက်ပိုင်းမှာ အဖေပဲ သူ့ကို ဆိုင်မှာပြန်လုပ်ဖို့ ဖျောင်းဖျခဲ့တာလေ။ ပြီးတော့ အဖေ့မှာ ဒီလိုစွန့်စားခန်းကနေ အကောင်းဆုံးတစ်ခုခု ဖြစ်ထွန်းလာအောင် လုပ်ပေးနိုင်တဲ့ အခွင့်အာဏာရှိတာ အသေအချာပဲ မဟုတ်လား၊ (အဖေ့ ဘာသာ အဲဒီလို လုပ်လိမ့်မယ် ယူဆရင်ပေါ့) အားပေးမယ်၊ အကြံဉာဏ်ပေးမယ်၊ မျက်ခြည်မပြတ် စောင့်ကြည့်မယ်၊ အနည်းဆုံး စိတ်ရှည်သည်းခံပေးမယ် ဆိုရင်တောင် ဖြစ်တာပဲ မဟုတ်လား။ အဖေက အဲဒီကိစ္စကြုံပြီးတဲ့နောက် ခါးသီးတဲ့ပြက်လုံးအနေနဲ့ ကျွန်တော်တို့ကို သိပ်ချမ်းသာနေကြပြီလို့ ပြောလေ့ရှိတယ်။ တစ်ဖက်ကကြည့်ရင် ဒီဟာသက ဟာသလုံးလုံးမဟုတ်ဘူး။ အဖေရုန်းကန်ခဲ့ရတာတွေရဲ့ အသီးအပွင့်ကို ကျွန်တော်တို့မှာ အဖေ့ဆီကလက်ဆောင်အနေနဲ့ရတယ်။ အဖေ့အနေနဲ့ ငယ်ငယ်ထဲက ပြင်ပကမ္ဘာမှာ ရှင်သန်ရုန်းကန်ရတယ်ဆိုပေမယ့် ကျွန်တော်တို့လည်း မလွတ်ပါဘူး အချိန်ကျရင် ကျွန်တော်တို့ကိုယ်တိုင်လည်း ရင်ဆိုင်ရမှာပါပဲ။ အဖေနဲ့ တစ်ခုပဲကွာတာက ကျွန်တော်တို့က လူကြီးဘဝမှာ ကလေးတစ်ယောက်ရဲ့ ခွန်အားနဲ့ တိုက်ပွဲဝင်ရ

mgyoe.com

mgybe.com SAMPLE BOOK

လိမ့်မယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ အလှည့်ကျရင် အဖေ့တုန်းက ထက် ပိုပြီးခက်ခဲလိမ့်မယ်လို့ ပြောချင်တာ မဟုတ်ပါဘူး။ (အခြေခံသဘာဝ ချင်း မတူတာကို ထည့်မတွက်ရင်) ပိုလည်းမသာ ပိုလည်းမဆိုးလောက်ပါဘူး။ ကျွန်တော်တို့အတွက် အခွင့်မသာတာတစ်ခုက ကျွန်တော်တို့ အခက်အခဲကို အဖေ့လိုမျိုး ကြွားဝါ ဂုဏ်ယူတာမျိုး၊ တစ်ယောက်ယောက်ကို အရှက်ခွဲဖို့ အသုံး ချတာမျိုး မလုပ်နိုင်တာဘဲ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အဖေ့လုပ်အားရဲ့ အသီးအပွင့်တွေ၊ အကြီးအကျယ် အောင်မြင်မှုတွေကိုခံစားပြီး အဖေကျေနပ် အောင် အဲဒါတွေကို နည်းမှန်လမ်းမှန်နဲ့ ဆက်လက်တိုးပွား အောင်မြင်အောင် လုပ်လို့ရတယ်ဆိုတာ မငြင်းလိုပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အစေးမကပ်မှု က ကြားမှာခံနေခဲ့တယ်။ ကျွန်တော့်မှာ အဖေ့ ပစ္စည်းဥစ္စာတွေကို သုံးစွဲစံစား နေရတာ အရှက်ရမှု၊ စိတ်ပင်ပန်းမှု၊ ပျော့ညံ့မှု၊ အပြစ်မကင်းမှုတွေနဲ့ ဘယ်လို မှ မကင်းနိုင်ခဲ့ဘူး။ အဲဒီအတွက် ကျွန်တော့်မှာ အရာအားလုံးအတွက် အဖေ့ကို သူတောင်းစားတစ်ယောက်လိုပဲ ကျေးဇူးတင်မိတယ်၊ ကျေးဇူးတင်ကြောင်း မှန်ကန်တဲ့ လုပ်ရပ်တစ်ခုခုနဲ့ မပြနိုင်ခဲ့ဘူး။ အဖေ့ပျိုးထောင်မှုရဲ့ နောက်ထပ် မြင်သာတဲ့ ရလဒ်ကတော့ ကျွန်တော့်မှာ အဖေ့ကို သတိရစေမယ့် အရာမှန်သမျှ ကနေ ထွက်ပြေးပုန်းရှောင် နေခဲ့မိတာပါပဲ။ ပထမဦးဆုံးကတော့ စီးပွားရေး လုပ်ငန်းတွေပေါ့။ ဟိုအရင်အချိန် ကျွန်တော် ကလေးဘဝအရွယ်တုန်းကတော့ လမ်းပေါ်က သာမန်ဆိုင် တစ်ဆိုင်ပါပဲ၊ သူ့ချည်းသက်သက်ဆို ကျွန်တော့်အ တွက် ပျော်စရာပါပဲ။ သိပ်ကိုစည်ကားပြီး ညဘက်တွေဆို လင်းထိန်လို့၊ ကြည့် စရာ နားထောင်စရာတွေမှ အများကြီး၊ တစ်ခါတစ်ရံ ဝင်ကူနိုင်တယ်၊ ကိုယ့် ကိုယ်ကို ထင်ပေါ်အောင် လုပ်နိုင်တယ်၊ အဲဒါတွေထက် အဖေ့ရဲ့ ချီးကျူးစရာ အရောင်းအဝယ်ပါရမီကို လေးစားအားကျနိုင်တယ်၊ အရောင်းသမားအနေနဲ့ အဖေ မမောနိုင်မပန်းနိုင် ရောင်းဝယ်ပုံ၊ လူတွေကို ဆက်ဆံပုံ၊ ပြက်လုံးထုတ် ပုံ၊ သံသယဖြစ်စရာ ကိစ္စမျိုးဆို အလျှင်အမြန်ပဲ ဆုံးဖြတ်နိုင်ပုံ၊ ပစ္စည်း ထုပ်ပိုး ပုံ၊ ဘူးကိုဖွင့်ပုံကအစ ကြည့်လို့သိပ်ကောင်းတာဆိုတော့ ကလေးတစ်ယောက် အနေနဲ့ သင်ယူဖို့ရာ သိပ်ဆိုးရွားတဲ့နေရာ မဟုတ်တာတော့ သေချာတယ်။ ဒါပေမယ့် အဖေက တဖြည်းဖြည်း ကျွန်တော့်ကို ဘက်ပေါင်းစုံကနေ ခြောက် လှန့်နေတဲ့ အခါမှာတော့ အဖေနဲ့ဆိုင်က ကျွန်တော့်အဖို့ အတူတူလိုဖြစ်လာပြီး ဆိုင်က သွားချင်စရာ မကောင်းတော့ဘူး။ အရင်က ကျွန်တော် ပိုင်နိုင်တဲ့အရာ တွေက ကျွန်တော့်ကို စိတ်ဆင်းရဲစေတယ်၊ အကြီးအကျယ် အရှက်ရစေတယ်၊

mgybe.com

m gyee.com SAMPLE BOOK
အထူးသဖြင့် အဖေရဲ့ ဝန်ထမ်းတွေအပေါ် ဆက်ဆံပုံပေါ့။ တခြားလုပ်ငန်းတွေမှာလည်း ဒီလိုပဲ ဖြစ်ကောင်းဖြစ်မယ် ကျွန်တော်မသိဘူး၊ ကလေးတစ်ယောက်အနေနဲ့ တခြားလုပ်ငန်းတွေကို စိတ်လည်းမဝင်စားဘူး။ ( ကျွန်တော် လုပ်ခဲ့တဲ့အချိန် Assicurazioni Generali မှာလည်း ထူးမခြားနားပဲ၊ ကျွန်တော့် ဒါရိုက်တာကို ထွက်စာတင်တော့ ကျွန်တော်ရှင်းပြလိုက်တယ်၊ ကျွန်တော် ဆဲဆိုကြိမ်းမောင်းတာတွေ မခံနိုင်လို့လို့၊ အကြောင်းရင်းက အဲဒီအတိုင်း အတိအကျမဟုတ်ပေမယ့် လုံးလုံး လိမ်ပြောတာတော့ မဟုတ်ဘူး။ ကျွန်တော့်ကို တိုက်ရိုက်ဆဲဆို ကြိမ်းမောင်းတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်မှာ အိမ်မှာကတည်းက ဒီကိစ္စအပေါ် နာကျင်ခံစားလွယ်တတ်တာကိုး) ဒါပေမယ့် ဆိုင်မှာအဖေ ဒေါသပေါက်ကွဲပြီး အော်ဟစ်ဆဲဆိုနေတာတွေကို မြင်ရကြားရတော့အဲဒီတုန်းက ကျွန်တော့်စိတ်ထဲ တခြားဘယ်မှာမှ ဒီလိုမျိုး ရှိမှာမဟုတ်ဘူးလို့ ထင်မိတယ်။ အော်ဟစ်ဆဲဆိုတာတင် မကပါဘူး တခြားနည်းနဲ့ အာဏာပြတာတွေလည်း အများကြီးပါ။ ဥပမာ အဖေက ကောင်တာပေါ်က ပစ္စည်းတွေနဲ့ မရောစေချင်တဲ့ အရာတွေကို ပစ်ထုတ်ပစ်လိုက်တာမျိုး (ဒေါသဖြစ်လို့ မည်းမည်းမြင်ရာ ကောက်ပေါက်တယ် ဆိုတာကတော့ ဆင်ခြေပေးတာပေါ့လေ) ဆိုင်အကူလေးခမျာ အဲဒါတွေကို သွားကောက်ရရှာတယ်။ တီဘီဖြစ်နေတဲ့ ဆိုင်အကူလေးကို အဖေ အမြဲပြောနေကျ စကားရှိသေးတယ်၊ "ဒီ ခွေးနာတော့ မြန်မြန်သေလည်း ကောင်းတယ်"၊ အဖေက ဝန်ထမ်းတွေကို "လစာပေးထားရတဲ့ရန်သူ" တွေလို့ ခေါ်တယ်၊ သူတို့ကလည်း သူတို့ပါပဲ။ ဒါပေမယ့် သူတို့ အဲဒီလိုမဖြစ်လာခင် အဖေက သူတို့အတွက် 'လစာပေးတဲ့ရန်သူ' ဖြစ်လာတယ်လို့ ကျွန်တော် မြင်တာပဲ။ အဲဒီမှာ ကျွန်တော်ရလိုက်တဲ့ ကြီးမားတဲ့ သင်ခန်းစာကတော့ အဖေဟာလည်းပဲ မတရားလုပ်နိုင်တာပဲလို့၊ ကျွန်တော့်ကိစ္စမှာတော့ အဖေမှန်တယ်လို့ပဲ မှတ်ယူထားပြီး အပြစ်မကင်းတဲ့စိတ်တွေ ကြီးမားလွန်းတဲ့အတွက် ဒါကိုသိပ်သတိမထားမိဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ ကလေးဘဝအမြင်မှာတော့ (နောက်ပိုင်းတော့ နည်းနည်း ပြောင်းသွားပေမယ့် ဒီလောက်ကြီးမဟုတ်ဘူး) ဒီလူတွေက သူစိမ်းတွေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အတွက် အလုပ်လုပ် ပေးနေရတဲ့သူတွေ၊ အဲဒီအတွက် သူတို့မှာ အမြဲကြောက်ရွံ့နေကြရတယ်။ ဒီနေရာမှာ ပုံကြီးချဲ့နေမိတာတော့ အမှန်ပါပဲ၊ အကြောင်းကတော့ရှင်းပါတယ်၊ ကျွန်တော့်အနေနဲ့ မေးခွန်းမထုတ်ဘဲ မှတ်ယူထားတာက အဖေဟာ ကျွန်တော့်ကို ကြောက်ရွံ့စေသလို သူတို့ပေါ်မှာလည်း ဒီလိုပဲ ကြောက်ရွံ့

mgyobe.com

စေတယ်လို့။ အဲဒီလိုသာဆို သူတို့မှာ ရှင်သန်နိုင်မှာတောင်မဟုတ်ဘူး၊ ဒါပေမယ့် တကယ်တမ်းကျတော့ သူတို့အနေနဲ့ အရွယ်ရောက် ရင့်ကျက်ပြီးသားသူတွေဆိုတော့ အများစုက အကြောမာတယ်။ အဖေ့ အဆဲအဆိုတွေကို အေးဆေးပဲ ခါချလိုက်ကြတယ်။ အဆုံးမှာ သူတို့ထက် အဖေ့ကိုပဲ ပိုပြီးအနာတရဖြစ်စေတယ်။ ဒါပေမယ့် အဲဒီအတွက် ကျွန်တော့်အဖို့ ဆိုင်ကိုမသွားရဲအောင် ဖြစ်ရတယ်၊ ဆိုင်သွားလိုက်ရင် အဖေနဲ့ကျွန်တော့်ကြား ဆက်ဆံရေးတွေ အများအပြားကို သတိရစေတယ်မဟုတ်လား။ အဖေ့ရဲ့ အကျိုးစီးပွားပိုင်ဆိုင်မှုတွေ၊ စီးပွားရေးသမားဆိုပေမယ့် သူတစ်ဖက်သားအပေါ် သိပ်ကိုလွှမ်းမိုးချင်တဲ့ အဖေ့ရဲ့သဘာဝ စတာတွေကိုဖယ်ထားပြီး စီးပွားရေးသမားတစ်ယောက်အနေနဲ့ကြည့်ရင်အဖေ့ဆီ လာရောက်သင်ယူနေကြတဲ့သူတွေ အားလုံးထက် အဖေက အများကြီးသာပါတယ်။ အဖေ့အဖို့ စိတ်တိုင်းကျစရာရလဒ်မျိုး သူတို့ထဲက တစ်ယောက်မှ မဆောင်ကျဉ်းပေးနိုင်ဘူးလေ။ ထိုနည်းတူစွာပဲ အဖေဟာ ကျွန်တော့်ကိုလည်း ထာဝရစိတ်တိုင်းကျနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့်ကျွန်တော်က အလုပ်သမားတွေဘက်က ရပ်တည်ဖို့ ဖြစ်လာရတော့တယ်။ ပြီးတော့လည်း ကျွန်တော့်ရဲ့ ထိတ်လန့်ကြောက်ရွံ့တတ်တဲ့ သဘာဝကြောင့် မိသားစုဝင်မဟုတ်တဲ့ သူတစ်ယောက်ကို အဲဒီလို အော်ဟစ်နေတာကို စိတ်ကူးလို့ မရခဲ့ဘူး။ အဲဒီလိုပဲ ကျွန်တော့်ရဲ့ ထိတ်လန့်ကြောက်ရွံ့တတ်တဲ့ သဘာဝကြောင့်၊ အလုပ်သမားတွေနဲ့ ပြေလည်ချင်တယ်၊ သူတို့မှာ သိပ်ကိုဒေါသထွက် စိတ်မကောင်း ဖြစ်နေကြတယ်လို့ ကျွန်တော် ထင်တယ်လေ၊ ကျွန်တော့် ရန်မပြုအောင်လည်း ပါတာပေါ့။ အဲဒီအတွက် သာမန်ယဉ်ကျေးတဲ့ အမူအရာထက်တော့ ပိုဖို့လိုမယ်၊ သာမန် ရိုးရိုးကုပ်ကုပ် အမူအရာမျိုးထက်ကို ပိုမှဖြစ်မယ်။ အဲဒီအစား ကျွန်တော့်အနေနဲ့ မာန်စွယ်ချိုးထားရမယ်၊ စပြီး နှုတ်ဆက်တဲ့သူ ဖြစ်ရုံမကဘူး သူတို့ ပြန်နှုတ်ဆက်မှာကိုတောင် ဖြစ်နိုင်ရင် တင်ကြိုဟန့်တားရမယ်၊ ကျွန်တော်က ဘာမှ အရေးမပါတဲ့ကောင်ဆိုတော့ သူတို့ခြေထောက်ကို ငုံ့ပြီးလျက်ပေးရင်တောင်မှ အရှင်သခင်အနေနဲ့ အဖေ သူတို့ကိုအပေါ်စီးက နှိပ်ကွပ်ထားခဲ့တာကို ကျေလည်အောင် မလုပ်နိုင်ပါဘူး။ ကျွန်တော့်ရောင်းရင်းတွေနဲ့ ဒီလို ဆက်ဆံရေးက အဲဒီကနေ စတင်ခဲ့ပြီး ဆိုင်မှာတင်မကတော့ပဲ နောက်ပိုင်း အပြင်လူတွေနဲ့ ဆက်ဆံတဲ့အထိပါ သက်ရောက်ခဲ့တယ် (ကျွန်တော့်အဖြစ်နဲ့ တစ်စုံတစ်ရာ ဆင်လှပေမယ့် အများကြီး ပိုအန္တရာယ်ရှိတာကတော့ အော်(တ်)လာရဲ့ ဆင်းရဲသားတွေနဲ့ ပေါင်းချင်တဲ့ ဆန္ဒပဲ၊ ဥပမာ

mgyobe.com

mgyoe.com
အိမ်ဖော်တွေနဲ့ အတူထိုင်တာမျိုးပေါ့၊ အဲဒီလုပ်ရပ်တွေက အဖေ့ကို အများကြီး စိတ်အနှောင့်အယှက် ပေးခဲ့တယ်မဟုတ်လား) နောက်ဆုံးမတော့ ကျွန်တော့်မှာ ဆိုင်ကို ကြောက်ရွံ့လာမိတဲ့အထိပဲ၊ ဘယ်လိုပဲဖြစ်စေ ကျွန်တော် အက်ကီဒဲမစ်ကျောင်း မဝင်မီ အစောကြီးကတည်းက ကျွန်တော့်ခေါင်းထဲမှာ အဲဒီကိစ္စမရှိတော့ပါဘူး။ အက်ကီဒဲမစ်ကျောင်းရောက်ပြီး နောက်တော့ ပိုပြီးတော့ ဝေးကွာသွားစေတော့တာပေါ့။ ပြီးတော့လည်း ကျွန်တော့်အဖို့ ဒီကိစ္စက ကျွန်တော် လုပ်နိုင်တာထက် အများကြီး ကျော်လွန်နေတယ်လို့ ထင်တယ်၊ အဖေပြောသလိုပေါ့ ဒီကိစ္စက အဖေ့ကိုတောင် ခြေကုန်လက်ပန်းကျစေတယ် မဟုတ်လား။ အဲဒီနောက်မှာတော့ အဖေက အဖေတို့ရဲ့ စီးပွားရေးလောကကို ကျွန်တော် မနှစ်မြို့က်ဘူး ဆိုတာကို (တကယ်တော့ ဒီလို မနှစ်မြို့က်တာ အဖေ့ကို အကြီးအကျယ် စိတ်ဓာတ်ကျစေတာ မှန်ပေမယ့်) နားထောင်ကောင်းအောင် ကြိုးစားပြီး လူတွေကိုခုလို ပြောလေ့ရှိတယ်၊ ကျွန်တော့်ခေါင်းထဲမှာ ကြီးကြီးကျယ်ကျယ် အတွေးအခေါ်တွေနဲ့ပဲ ပြည့်နေတော့ စီးပွားရေးအမြင် မရှိဘူးဆိုပြီးတော့ပေါ့ (အဲဒါကို ယနေ့အထိ စိတ်ထဲစွဲနေပြီး အရှက်ရမိတယ်)။ အမေကတော့ အဖေ ဖျစ်ညှစ်ပြီး စဉ်းစားထားတဲ့ အဲဒီလို ရှင်းလင်းမှုအတွက် ပျော်တာပေါ့။ ကျွန်တော့်ရဲ့ မာနနဲ့ အသုံးမကမှုကို ဖာထေးဖို့လည်း ကျွန်တော် ကိုယ့်ကိုယ်ကို အဲဒီလိုပဲ မှတ်ယူထားလိုက်တော့တယ်။ (တကယ်တော့ အခုမှကျွန်တော် စီးပွားရေးကို အမှန်တကယ်ကို ရိုးရိုးသားသား မုန်းမိတော့တာပါ) ဒါပေမယ့်လည်း အကယ်၍သာ အဲဒီကြီးကျယ်တဲ့ စိတ်ကူးတွေကြောင့် ကျွန်တော် ဆိုင်ဘက် ခြေဦးမလှည့်တော့တာဆို ဒီကြီးကျယ်တဲ့စိတ်ကူးတွေက သူတို့ဘာသာ တစ်နည်းနည်းနဲ့တော့ ပေါ်ထွက်လာရမှာပေါ့။ ခုတော့ ကျောင်းကို မရဲတရဲနဲ့ သုတ်သုတ်လေးသွား၊ ဥပဒေသင်ပြီး နောက်ဆုံး ဗြူရိုကရက်တစ်ယောက်ရဲ့ စားပွဲမှာ အဆုံးသတ်တာကလွဲလို့ ဒီ ကြီးကျယ်တဲ့ စိတ်ကူးတွေက တခြားနည်းနဲ့ ပေါ်ထွက်လာတာ မရှိ။ ကျွန်တော်သာ အဖေ့ဆီက လွတ်အောင်လုပ်မယ်ဆို အမေအပါအဝင် မိသားစုကနေလည်း အလွတ်ရုန်းရမယ်၊ မှန်ပါတယ်၊ အမေ့ရင်ခွင်ထဲမှာ အမြဲလို ခိုလှုံရာရှာဖို့ ဖြစ်နိုင်တယ်ဆိုပေမယ့် အဖေနဲ့တော့ ဆက်နွယ်ရတာပဲ။ အမေက အဖေ့ကို သိပ်ချစ်တယ်၊ သိပ်သစ္စာရှိပြီး အဖေ့အတွက် သစ္စာခံထားတယ်။ အဲဒီအတွက် ကလေးတစ်ယောက်ရဲ့ ရုန်းကန်မှုမှာ လွတ်လပ်တဲ့ စိတ်ဓာတ်ပိုင်း ဒါမှမဟုတ် ဉာဏ်ရည်ပိုင်း ခွန်အားတစ်ခုအနေနဲ့ ဖြစ်လာဖို့ ဝေးလှတယ်။ ဘယ်လိုပဲ ဖြစ်ပါစေ၊ ကလေးတစ်ယောက်ရဲ့ ဗီဇသိက
mgyoe.com

mgyoe.com

တော့ မှန်တာပဲ၊ နှစ်တွေ ကြာလာတာနဲ့အမျှ အမေက အဖေ့ကို ပိုပိုပြီး တွယ်တာလာခဲ့တယ်။ သူမကိုယ်သူမ လေးစားတဲ့အနေနဲ့ သူမ ကိုယ်ပိုင်လွတ်လပ်မှုကို ကျဉ်းမြောင်းလှတဲ့ အကန့်အသတ်တွေထဲမှာ နူးညံ့ကြင်နာစွာ ထိန်းသိမ်းထားတယ်၊ အကြမ်းဖျင်းအားဖြင့် အဖေ့ရဲ့ခံစားမှုတွေကို မထိခိုက်စေဘဲပေါ့၊ ဘယ်လိုပဲဖြစ်ပါစေ နှစ်တွေကြာလာတဲ့အခါ သူမမှာ ကိုယ်ပိုင်အသိဉာဏ် ဆိုတာထက် စိတ်ခံစားမှုနဲ့ အဖေ့ရဲ့ သားသမီးတွေအပေါ် ထင်မြင်ချက်တွေ၊ အဆုံးအဖြတ်တွေကို မျက်စိမှိတ်လက်ခံလာခဲ့တယ်၊ အထူးသဖြင့် အော်(တ်)လာကိစ္စမှာပေါ့ ( ခက်ခက်ခဲခဲ လက်ခံခဲ့ရတယ်လို့တော့ ဝန်ခံပါတယ်) မိသားစုမှာ အမေ့ရဲ့ကဏ္ဍက ဘယ်လောက် စိတ်ဒုက္ခရောက်ရပြီး ကသီလင်တ နိုင်သလဲဆိုတာ မေ့ထားလို့မရတာ အမှန်ပါပဲ။ သူမမှာ ဆိုင်မှာလည်း ပင်ပန်းတကြီးလုပ်ရ၊ အိမ်မှုကိစ္စလည်း ပြေးလုပ်ရ၊ မိသားစုရဲ့ နာမကျန်းမှုတွေ အားလုံးအတွက် နှစ်ဆခံစားရတယ်၊ ဒါပေမယ့် အဲဒီထဲမှာ အဖေနဲ့ ကျွန်တော်တို့ကြားမှာ ပုဏ္ဏားတိုင်လုပ်နေရတဲ့ ဒုက္ခက အဆိုးဆုံးဖြစ်မယ်။ အဖေက အမေ့ကို အမြဲချစ်မြတ်နိုးပြီး စာနာပေးပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ အဖေ အမေ့ကို ချမ်းသာပေးတာက ကျွန်တော်တို့ သူမကို ချမ်းသာပေးသလောက်ပဲ ရှိပါတယ်။ အမှုမဲ့အမှတ်မဲ့ပဲ ကျွန်တော်တို့တွေ အမေ့ကို ဆော်ပလော် တီးမိကြတယ်။ အဖေကလည်း အဖေ့ဘက်က၊ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ဘက်က။ အဲဒါက အာရုံပြောင်းတာ သက်သက်ပါ၊ အန္တရာယ်ပြုဖို့ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ အဖေနဲ့ဆင်နွှဲနေရတဲ့ စစ်ပွဲအကြောင်းပဲ စဉ်းစားနေသလို အဖေကလည်း အဲဒီလိုပဲ စဉ်းစားနေမှာပဲ။ ကြားထဲမှာ အမေက စစ်မြေပြင်အဖြစ် မြေစာပင်ဖြစ်ရတာပါ။ ပြီးတော့ ကျွန်တော်တို့ကိစ္စမှာ အဖေ အမေ့ကို ခံစားရအောင်လုပ်တဲ့ နည်းလမ်းက (ဒါပေါ့ အဖေကတော့ ကိုယ့်ကိုယ်ကို နည်းနည်းလေးမှ အပြစ်တင်မှာ မဟုတ်ပါဘူး) ကလေးတွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ကောင်းတဲ့ကိစ္စတော့မဟုတ်ဘူး။ ဒီအနေအထားမှာ သူမအပေါ် ကျွန်တော်တို့ လက်မခံနိုင်စရာပြုမူခဲ့တာတွေကိုတောင်မှ အကြောင်းပြလို့ ကောင်းသွားတယ်။ အဖေ့ဘက်က ကြည့်ရင်တော့ ကျွန်တော်တို့ကြောင့် အမေ ဘယ်လောက်တောင် ဒုက္ခခံရသလဲ ပေါ့။ အဲဒီလိုပဲ ကျွန်တော်တို့ကလည်း အဖေ့ဒဏ် အမေခံခဲ့ ရတယ်လို့ပဲ မြင်တယ်။ ဒီနေရာမှာ အဖေပြောသလိုပဲ အမေက ကျွန်တော်တို့ကို အလိုလိုက်ဖျက်ဆီးတဲ့ ကိစ္စမျိုးတွေတော့ရှိတာပေါ့။ ဒါပေမယ့်လည်း အဲဒီလိုအမေက ကျွန်တော်တို့ကို အလိုလိုက်တယ်ဆိုတာကိုက အဖေ့ရဲ့စည်းစနစ်တွေကို မသိ

mgyyge.com SAMPLE BOOK

စိတ်ကနေ အသံတိတ် ဆန္ဒပြနေတယ်ဆိုလည်း မမှားပါဘူး။ အမေ့မှာ ဒီဒဏ်တွေကို ကြံ့ကြံ့ခံနိုင်တဲ့ ခွန်အားနဲ့ သတ္တိကို ကျွန်တော်တို့အပေါ်ထားတဲ့ ချစ်ခြင်းတရားကနေသာ ရရှိခဲ့တယ်။ အဲဒီ ချစ်ခြင်းတရားမှာပဲ သူမ ပျော်ရွှင်နေခဲ့တယ်။ မဟုတ်ရင် သူမ ဘယ်လိုမှ ခံနိုင်မှာမဟုတ်ဘူး။ ကျွန်တော့် ညီမတွေက ကျွန်တော့်ဘက်က တစ်စိတ်တစ်ပိုင်းပဲ ရပ်တည်ကြတယ်။ အဖေနဲ့ အဆင်ပြေပျော်ရွှင်ဆုံးကတော့ ဗယ်လီပဲ။ သူက အမေနဲ့ အတူဆုံး၊ အမေ့လိုပဲ အဖေ့ဆန္ဒကို သိပ်ပြီး အခက်အခဲ မရှိ ထိခိုက်မှုမရှိဘဲ လိုက်နာတယ်။ အဖေကလည်း သူ့ကိုပိုပြီး ကြင်ကြင်နာနာနဲ့ လက်ခံတယ်၊ ဘာကြောင့်ဆို သူ့ကို မြင်ရင်အမေ့ကို သတိရစေလို့။ ဒါပေမယ့် သူမမှာ ကပ်ဖကာ စရိုက်လက္ခဏာ နည်းနည်းပဲရှိတယ်။ အဲဒါကိုက အဖေနဲ့ လိုက်လို့လည်းဖြစ်မယ်။ ကပ်ဖကာ စရိုက်မျိုး မရှိတဲ့နေရာမှာ အဖေ့အနေနဲ့ သူမဆီက အဲဒါတွေ မတောင်းဆိုနိုင်ဘူးလေ။ ပြီးတော့ အဖေက ကျန်တဲ့ကလေးတွေ အားလုံးနဲ့ဆိုရင် ခံစားမှုတစ်မျိုးရှိတယ်၊ ကျွန်တော်တို့ဆီမှာ တစ်စုံတစ်ရာ ပျောက်ဆုံးနေပြီး သူ့အနေနဲ့ အဲဒါကို အင်အားသုံးပြီး ကယ်တင်မှဖြစ်မယ်ဆိုတဲ့ ခံစားမှုမျိုး၊ ဗယ်လီနဲ့ကျတော့ အဖေ့မှာ အဲဒီလို ခံစားမှုမျိုးမရှိဘူး။ ဘယ်လိုပဲဖြစ်ပါစေ အဖေက မိန်းမတွေမှာ ကပ်ဖကာ အရည်အသွေးမျိုး ပြနေတာမျိုးကို ထူးထူးခြားခြား ချစ်နေတာမျိုးမရှိလှဘူး။ အဖေနဲ့ ဗယ်လီရဲ့ ဆက်ဆံရေးက ကျွန်တော်တို့ ကျန်တဲ့သူတွေသာ ကမောက်ကမ မလုပ်ရင်ဒီထက်တောင် နွေးထွေးမှာပါ။ အဲလီကတော့ အဖေ့ရဲ့ အဝန်းအဝိုင်းထဲက လုံးဝနီးပါး အောင်မြင်စွာ ခွဲထွက်နိုင်ခဲ့တဲ့ တစ်ခုတည်းသော ဥပမာပေါ့။ ကလေးဘဝတုန်းကတော့ အဲဒီလို လုပ်နိုင်လိမ့်မယ် မထင်ဆုံး တစ်ယောက်ပေါ့။ သူမကနှေးကွေး၊ လေးလံထုံထိုင်း၊ အသည်းငယ်တတ်ပြီး၊ စိတ်တိုစိတ်ဆတ်တယ်၊ လိပ်ပြာမလုံနဲ့ အောက်ကျို့တတ်၊ မလိုမုန်းထားတတ်၊ စေးနဲ့တွန့်တိုတတ်တဲ့ ကလေး။ ပျင်းရိပြီး လောဘကြီးတယ်၊ အဲဒါကြောင့် ကျွန်တော်ဆို သူ့ကို ရဲရဲမကြည့်ရဲဘူး၊ သူ့ဘာသာ တစ်ယောက်တည်းပြောပါစေ လွှတ်ထားလိုက်တယ်။ သူ့ကို ကြည့်ပြီး ကိုယ့်ကိုယ်ကို ပြန်သတိရစေတယ်။ သူမလည်းပဲ ကျွန်တော်တို့လို ဒီစနစ်ထဲမှာ ပိတ်လှောင်ကြီးပြင်းလာရတဲ့သူပဲ။ အထူးသဖြင့် သူမရဲ့ စေးနဲ့တွန့်တိုတဲ့စိတ်က ကျွန်တော့်အဖို့ စက်ဆုပ်စရာကြီး၊ ဘာကြောင့်ဆို ကျွန်တော့်မှာရှိတာ အဲဒီထက်ဆိုးသေးတာကိုး၊ သိပ်ကိုမပျော်ပိုက်တဲ့ လက္ခဏာတွေထဲမှာ အခိုင်လုံဆုံးကတော့ ကုက္ကုစ္စ ဖြစ်လာတာပဲ။ ကျွန်တော့်မှာ ဘာကိုမှ စိတ်မချတော့ လက်ထဲကိုင်ချင်ကိုင်ထား၊ ဒါမှမဟုတ်လည်း ပါးစပ်ထဲ ထည့်

mgyyge.com

mgyoe.com SAMPLEBOOK

ထား၊ အနည်းဆုံးတော့ အဲဒီအတွက် ပြင်ထားတယ်။ ကျွန်တော်နဲ့ ထူးမခြားနား အခြေအနေအောက်မှာ ရှိတဲ့ အဲလီကလည်း ကျွန်တော့်ဆီကနေလုပြီး ပြေးရတာသိပ်ပျော်တယ်။ ဒါပေမယ့် သူမမှာ အတော်လေးငယ်သေးပေမယ့် (အဲဒါက အရေးကြီးဆုံးကိစ္စပဲ) အိမ်ကထွက်၊ အိမ်ထောင်ကျ၊ ကလေးရပြီး အဲဒါတွေအကုန်လုံးပြောင်းလဲသွားတယ်၊ ရွှင်ရွှင်ပျပျနဲ့ အပူအပင်ကင်းပြီး ရဲရဲတင်းတင်း ဖြစ်လာတယ်၊ ရက်ရောပြီး တစ်ကိုယ်ကောင်း မဆန်တော့ဘူး၊ မျှော်လင့်ချက်တွေနဲ့ ပြည့်လာတယ်။ အဖေ ဒီပြောင်းလဲမှုကို သတိမပြုမိတာ၊ ထိုက်ထိုက်တန်တန် ချီးကျူးမှုမရှိတာ မယုံနိုင်စရာဘဲ။ အဖေ့စိတ်ထဲ အမြဲရှိနေတဲ့ မပြောင်းလဲနိုင်တဲ့ အမျက်သိုမှုနဲ့ပဲ သူ့အပေါ်မှာ အဖေဟာ အမှန်ကို မမြင်နိုင်လောက်အောင် ဖြစ်နေတော့တယ်။ တစ်ခုပဲ အဖေ့ရဲ့ မကြည်သက်မှုက လက်ရှိ အဲလီအပေါ်မှာ အများကြီးလျော့နည်းသွားခဲ့ပြီ၊ သူကလည်း ကျွန်တော်တို့နဲ့ မနေတော့ဘူးမဟုတ်လား၊ သည့်အပြင် အဖေ့ရဲ့ ဖီးလစ်ပေါ်ထားတဲ့ အချစ်၊ ကားလ် အပေါ် အလေးထားမှုတွေက ဒီအမျက်ဒေါသတွေကို အရေးမပါစေတော့ဘူးလေ။ ဂတ်သီသာ တစ်ခါတစ်ရံ ဒီအတွက် ခံစားရတာ။ အော်(တ်)လာ အနေနဲ့တော့ (ကျွန်တော့်မှာ သူ့အကြောင်း ရေးရမှာ အတော်တွန့်ပါတယ်၊ ကျွန်တော် ရေးလိုက်ရင် အဖေ့အပေါ် ဒီစာရေးရတဲ့ ရည်ရွယ်ချက်ကို ထိခိုက်စေနိုင်တယ်ဆိုတာ သိနေလို့ပါ) သာမန် အခြေအနေမျိုးမှာ(ဆိုလိုတာက သူ့အနေနဲ့ ထူးထူးခြားခြား ပရိဒေဝဖိစီးနေတာ၊ အန္တရာယ်ကြုံနေတာ မဟုတ်သရွေ့) အဖေ့မှာ သူ့အပေါ် အမုန်းတရားပဲရှိတယ်။ အဖေကိုယ်တိုင် ကျွန်တော့်ကို ဝန်ခံဖူးတယ်၊ အော်(တ်)လာ ဟာ အဖေ့ကို တမင်စိတ်ပူပန် စိတ်ဆင်းရဲရအောင် အကြိမ်ကြိမ် ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့တယ်လို့ အဖေထင်တယ်၊ သူ့အတွက် အဖေ့မှာ ဝမ်းနည်းပက်လက်ဖြစ်နေရချိန် သူကတော့ ကျေနပ်ပျော်ရွှင်လို့။ ဘယ်လောက်များ ဆိုးရွားတဲ့ ခွာပြဲမှုလဲ၊ (ကျွန်တော်နဲ့ အဖေ့ကြားမှာရှိတဲ့ အဖုအကြိတ်ထက်တောင် ကြီးသေးတာပေါ့) ဒါကိုကပဲ အကြီးအကျယ် အထင်အမြင်လွဲမှားမှုကို ဖြစ်စေခဲ့တာပေါ့။ သူက အဖေနဲ့ အဝေးကြီးမှာဆိုတော့ အဖေ သူ့ကိုထပ်လည်း မတွေ့ဖြစ်ဘူး၊ အဲဒီတော့ သူရှိမယ်လို့ အဖေထင်တဲ့နေရာမှာ သူ့ အသွင်ပုံရိပ်ကိုပဲ အဖေ မြင်ယောင်ပြီးနေလိုက်တယ်။ ကျွန်တော် အဖေနဲ့ သဘောတူပါတယ်။ သူက အဖေ့ကို စိတ်ဆင်းရဲစရာ ကာလတွေ ပေးခဲ့တယ်။ သူ့ရဲ့ သိပ်ကိုရှုပ်ထွေးလှတဲ့ အခြေအနေကို ကျွန်တော် အပြည့်အဝတော့ နားမလည်ဘူး၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်စေ ဒါဟာ အကောင်းဆုံးသော ကပ်ဖကာ



mgyoe.com

mgyee.com SAMPLE BOOK

လက်နက်တွေအပြည့်နဲ့ လူဗီတစ်မျိုးပဲ။ အဖေနဲ့ကျွန်တော်ကြားမှာ အမှန်တကယ် ပဋိပက္ခရယ်လို့ မရှိပါဘူး။ ကျွန်တော့်မှာ အဲဒီကျန်ရှိနေတဲ့ ကြောက်ရွံ့ ထွက်ပြေးမှု၊ ခါးသီးမှု၊ ပူဆွေးမှု၊ စိတ်တွင်းပဋိပက္ခ စတာတွေ အားလုံးကို မကြာမီ အဆုံးသတ်တော့မှာပါ။ ဒါပေမယ့် အဖေတို့ နှစ်ယောက်ကတော့ တိုက်ပွဲဝင်ဖို့ အမြဲ ပြင်ထားကြတယ်၊ အမြဲ အသင့်ဖြစ်နေတယ်၊ အမြဲ စွမ်းအားတွေ အပြည့်နဲ့။ မြင်ကွင်းက အံ့ချီးဖို့လည်းကောင်းတယ်၊ ဝမ်းနည်းညှိုးငယ်ဖို့လည်း ကောင်းတယ်၊ အဖေတို့မှာ အရင်တုန်းက တစ်ယောက်ကို တစ်ယောက် သိပ်ရင်းနှီးခဲ့ကြတာ သေချာပါတယ်၊ ကျွန်တော်တို့ လေးယောက်ထဲမှာ အော်(တ်)လာက အဖေနဲ့ အမေရဲ့ အိမ်ထောင်မျိုး၊ အဲဒီမှာ ပေါင်းစပ်နေတဲ့ခွန်အားမျိုးကို (ယနေ့ထိတိုင်) ကိုယ်စားအပြုနိုင်ဆုံး၊ အဖေနဲ့ သားသမီးကြားက သဟဇာတဖြစ်မှုကို ဘယ်လို အရာက လုယူသွားသလဲ ကျွန်တော်မသိဘူး။ ဖြစ်စဉ်က ကျွန်တော့်ကိစ္စနဲ့ အတော်ဆင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်လိုက်ချင်မိတယ်။ အဖေ့ဘက်က အဖေ့ရဲ့ အာဏာရှင်ဆန်တဲ့ သဘာဝ၊ သူ့ဘက်ကတော့ လူဗီတွေရဲ့ ဖီဆန်လိုမှု၊ ခံစားတတ်မှု၊ မဟုတ်မခံစိတ်၊ ကယောက်ကယက်နိုင်တဲ့ သဘာဝ၊ အဲဒီမှာမှ သူ့မှာ ကပ်ဖကာတွေရဲ့ ကြံ့ခိုင်မှုရှိတာ သတိပြုမိတဲ့အခါ အခြေအနေက ပိုဆိုးသွားစေတော့တယ်။ သူ့အပေါ် ကျွန်တော့်လွှမ်းမိုးမှု ရှိနိုင်ပါတယ်၊ ဒါပေမယ့် အဲဒါ ကျွန်တော့် လုပ်ရပ်ကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်ဖြစ်တည်မှု သက်သက်ကြောင့်ပါ။ ဘယ်လိုပဲဖြစ်စေ သူကနောက်ဆုံးမှ ရောက်လာခဲ့တဲ့အတွက် အသင့်ရှိပြီးသား အာဏာချိန်ခွင်လျှာထဲ သူမ ကိုယ်ပိုင်အဆုံးအဖြတ် လုပ်နိုင်ဖို့ သက်သေအထောက်အထား အမြောက်အများက ရှေ့မှာစောင့်ကြိုလို့ နေပြီးသား။ သူ့မှာ အဖေနဲ့ အဖေ့ရန်သူတွေကြား ဘယ်သူ့ရင်ခွင်ထဲ ဝင်ရမလဲဆိုတာတောင် အချိန်ကာလတစ်ခုအထိ မဆုံးဖြတ်နိုင်ဖြစ်နေခဲ့ပုံပဲလို့ ကျွန်တော် တွေးကြည့်တယ်။ အဲဒီမှာ အဖေက အဲဒီအခွင့်အရေးကို မယူဘဲ ခါးခါးသီးသီး ပုတ်ထုတ်ခဲ့တာ အထင်အရှားပဲ။ အဲဒီလိုသာမဟုတ်ခဲ့ရင် အဖေတို့နှစ်ယောက်က တကယ့်ကိုအတွဲညီမယ့် သားအဖပဲ။ မှန်ပါတယ်၊ ကျွန်တော့် မဟာမိတ်တစ်ယောက်တော့ ဆုံးရှုံးရမှာပေါ့၊ ဒါပေမယ့် အဖေတို့အတွဲကို မြင်ရတာနဲ့ ကျွန်တော့်အဖို့ ကျေနပ်မိမှာပါ။ ပြီးတော့ အဖေ့အနေနဲ့လည်း သားသမီးထဲမှာ အပြည့်အဝ စိတ်တိုင်းကျမိတာမျိုး တစ်ယောက်တလေ တွေ့ရတဲ့အတွက် မတိုင်းတာနိုင်တဲ့ပျော်ရွှင်မှုကို ခံစားရပြီး ပြောင်းလဲလာနိုင်ပါတယ်။ အဲဒါဆို ကျွန်တော့်အတွက်လည်း အများကြီး အကျိုးရှိမှာပါ။ ဒါပေမယ့် ကနေ့တော့

mgyee.com

mgyoe.com SAMPLE BOOK

ဒါက လုံးလုံးအိပ်မက်အနေနဲ့ပဲ ရှိတော့တယ်။ အော်(တ်)လာမှာ သူ့အဖေနဲ့ အဆက်အသွယ် မလုပ်တော့ဘဲ ကျွန်တော့်လိုပဲ ကိုယ့်လမ်းကိုယ် တစ်ကိုယ်တော် ဖောက်ရတော့တယ်။ ကျွန်တော်နဲ့ယှဉ်ရင် သူကတော့ အတိုင်းအတာတစ်ခုအထိ ပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတယ်၊ စိတ်ချမှုရှိတယ်၊ ကျန်းမာရေးကောင်းတယ်၊ လုပ်ရဲကိုင်ရဲတယ်၊ အဖေ့မျက်စိထဲမှာတော့ သူက ကျွန်တော့်ထက် ပိုပြီးဆိုးသွမ်းတယ်၊ ဖောက်ပြန်တယ်ပေ့ါ။ ဒါကို ကျွန်တော် နားလည်နိုင်ပါတယ်။ အဖေ့အမြင်မှာတော့ သူက တခြားမဖြစ်နိုင်တော့ဘူး။ တကယ်တော့ သူကလည်း အဖေ့နေရာကနေ သူ့ကိုယ်သူ ပြန်ကြည့်ပြီး အဖေ့ရဲ့သောက အဖေ့ရဲ့ (စိတ်ပျက်မှုမဟုတ်ဘူး၊ စိတ်ပျက်တာက ကျွန်တော့်အပေါ်မှာ) အလွန်အမင်း ဝမ်းနည်းမှု အပေါ် စာနာနိုင်မှာပါ။ မှန်ပါတယ်၊ အဖေက တွတ်ထိုးပြီး ရယ်နေကြတဲ့ ကျွန်တော်တို့မောင်နှမကို မကြာခဏ တွဲမြင်လေ့ရှိတယ်။ အဖေ့အကြောင်း ပြောကြတာကိုလည်း အဖေ ကြားမှာပါ။ အမှန်တော့ အဖြစ်က အဲဒါနဲ့ ဆန့်ကျင်ဖက်ပါပဲ၊ အဖေ့မှာ မိုက်ရိုင်းတဲ့ ကုန်းချောသူတွေရဲ့ အထင်အမြင်တွေ လွှမ်းနေခဲ့တယ်။ သိပ်ထူးဆန်းတဲ့ ပူးပေါင်းကြံစည်သူတွေပါပဲ။ အဖေက ကျွန်တော်တို့ အတွေးတွေရဲ့ အဓိကအကြောင်းအရာဆိုတော့ ကျွန်တော်တို့ စကားပြောတဲ့အခါ အဓိကပြောဖြစ်တဲ့ အကြောင်းအရာတစ်ခုလည်း ဟုတ်ပါတယ်။ ဒါပေမယ့် အတူထိုင်ပြီး အဖေ့ကိုဆန့်ကျင်တဲ့ အစီအစဉ်ဆွဲဖို့ဆိုတာ စိတ်ကောင်မကူးရဲတာ အမှန်ပါ။ ကျွန်တော်တို့ အစွမ်းကုန် အားထုတ်ပြီး အတည်ပြောလိုက် ဟာသလုပ်လိုက်နဲ့ ချစ်ခင်မှု၊ ဖီဆန်မှု၊ ဒေါသ၊ စက်ဆုပ်မှု၊ နာခံမှု၊ လိပ်ပြာမသန့်မှု၊ စတဲ့ စိတ်ခံစားမှုတွေနဲ့အတူ ဦးနှောက်နဲ့ နှလုံးသားက ရှိရှိသမျှတွေထုတ်ပြီး (အဖေနဲ့ ကျွန်တော်တို့ကြားမှာ မလုပ်ဖြစ်သေးတဲ့) ဒီဆိုးရွားလှတဲ့ တရားခွင်ကြီးကို ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံ အနီးအဝေး ဖြစ်ရပ်တိုင်းကို အသေးစိတ် စစ်ဆေးဖို့ပါပဲ။ ဒီတရားခွင်မှာတော့ အဖေက တရားသူကြီးအဖြစ် (အနည်းဆုံးတော့ အဓိက ပုဂ္ဂိုလ်အဖြစ်) တောင်းဆိုနေဦးမှာပဲ (ဒီနေရာမှာ ကျွန်တော့်သဘာဝအတိုင်း မှားယွင်းနိုင်ခြေတွက် ကွက်လပ်ချန်ထားပါတယ်)၊ အဖေကလည်း ကျွန်တော်တို့လိုပဲ အားနည်းမှု အမြင်မှားမှုတွေရှိတဲ့ အမှုသည်တစ်ဦးပါပဲ။ အခြေအနေတစ်ခုလုံး ခြုံပြီးပြောမယ်ဆိုရင် အဖေ့ရဲ့ သားသမီးပျိုးထောင်တဲ့နည်းတွေ ဘယ်လောက် ထိရောက်သလဲဆိုတာ အကောင်းဆုံးဥပမာကတော့ အီယာမာပဲ။ တစ်ဖက်မှာတော့ သူက အပြင်လူ၊ အဖေ့ အလုပ်ထဲ ရောက်တဲ့အချိန်မှာ အရွယ်ရောက်ပြီ၊ ပြီးတော့ အဖေ့ကို အလုပ်

mgyoe.com

mgyoe.com SAMPLE BOOK
ရှင်အနေနဲ့ ဆက်ဆံရတာ၊ အဲဒီတော့ အဖေ့ရဲ့ လွှမ်းမိုးမှုကို တစ်စိတ်တစ်ပိုင်းပဲ ခံရတယ်။ ပြီးတော့ အဲဒါကို တွန်းလှန်နိုင်တဲ့ အသက်အရွယ်ကိုလည်း ရောက်နေပြီ။ ဒါပေမယ့် အခြားတစ်ဖက်က ကြည့်ရင်တော့ သူ့အဖေရဲ့ အစ်ကိုတစ်ယောက်အနေနဲ့ အဖေက သူနဲ့ဆွေမျိုးတော်နေတယ်၊ အဲဒီတော့ သာမန်အလုပ်ရှင်တစ်ယောက်ထက်ကိုပိုပြီး အဖေက အုပ်ထိန်းခွင့်ရှိနေတယ်၊ ဒီမိန်းကလေးက ခန္ဓာကိုယ်ကသာ နုနုနယ်နယ်လေးဆိုပေမယ့် သိပ်ကိုတော်တယ်၊ ကြိုးစားတယ်၊ ယုဉ်လုပ်နိုင်တယ်၊ နှိမ့်ချတယ်၊ စိတ်ချရတယ်၊ တစ်ကိုယ်ကောင်း မဆန်ဘူး၊ သစ္စာရှိတယ်၊ အဖေ့ကိုလည်း ဘကြီးအနေနဲ့ ချစ်သလို အလုပ်ရှင် တစ်ယောက်အနေနဲ့လည်း လေးစားတယ်။ သူ့မှာ အရင်လုပ်ခဲ့တဲ့ အလုပ်အသီးသီးမှာလည်း သူ့ စွမ်းရည်ကို ပြသခဲ့ပြီးသား။ ဒါပေမယ့် အဖေ့အမြင်မှာတော့ သိပ်တော်တဲ့ စာရေးမတစ်ယောက် မဟုတ်ဘူး။ အဖေ့အဖို့တော့ သူက အဖေ့ကလေးတွေနဲ့ သိပ်မကွာတဲ့ အနေအထား၊ ကျွန်တော်တို့ကလည်း ထုံးစံအတိုင်း သူ့ကို အဲဒီလိုဖြစ်အောင် လုပ်ခဲ့ကြတာလည်းပါတယ်။ အဖေ့အာဏာစက်က အီယာမာ အပါအဝင် တခြားလူတိုင်းကို ညွတ်ဆင်းသွားလောက်အောင် ပြင်းလွန်းတော့ သူလည်း သတိလက်လွတ်နဲ့ နမော်နမဲ့ ဖြစ်လာတယ် (အဲဒါကအဖေ့အပေါ်မှာပဲ ဖြစ်လိမ့်မယ်လို့ကျွန်တော် မျှော်လင့်ပါတယ်၊ ကလေးတစ်ယောက်လို နက်နက်ရှိုင်းရှိုင်း ထိခိုက်လိမ့်မယ် မထင်ပါဘူး) လှောင်ပြောင် ဟာသတွေလုပ်လာတယ်၊ တတ်နိုင်သလောက် နည်းနည်းလည်း အရွဲ့တိုက်ချင်တာမျိုးတောင် ရှိလာတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ သူ့မနေမကောင်းတာ၊ စိတ်ညစ်နေတာ၊ မိသားစုဘဝမှာ စိတ်မချမ်းသာစရာတွေ ရှိနေတာကို ထည့်မစဉ်းစားထားသေးဘူးနော်။ အီယာမာနဲ့ ပတ်သက်ပြီး အဖေ့ဆက်ဆံပုံကနေ စဉ်းစားစရာတွေ အများကြီးရတဲ့အတွက် အဖေကိုယ်တိုင်အနှစ်ချုပ်ချခဲ့တဲ့ မှတ်ချက်က ကျွန်တော်တို့အဖို့ ဂန္ထဝင်ဖြစ်ကျန်ခဲ့တယ်၊ ဒီစကားက ဓမ္မန္တရာယ် ဖြစ်လုနီးနီးပဲ။ တစ်ချိန်တည်းမှာ ဒါဟာ အဖေလူတွေကို ဆက်ဆံရာမှာ ဘယ်လောက် ရိုးအ,သလဲဆိုတာ ထူးထူးခြားခြား သက်သေပြနေခဲ့တယ်၊ "သွားလေသူကြီးကတော့ ငါ့ကို အရှုပ်ထုပ်ထဲ ထားခဲ့ပြီ" တဲ့။

ကျွန်တော့်အနေနဲ့ အဖေ့ရဲ့ အာဏာအဝန်းအဝိုင်းနဲ့ ကျွန်တော်တို့ရဲ့ ရန်းကန်ဆန့်ကျင်မှုတွေကို ဒီထက်ဖော်ပြနိုင်ပါသေးတယ်၊ ဒါပေမယ့် အဲဒါဆို ကျွန်တော့်အနေနဲ့ သိုင်းဝိုင်းပြီးပြောရတော့မယ်၊ မရေရာတဲ့ အခြေအနေထဲ ဝင်သွားတော့မယ်။ နောက်တစ်ခုကလည်း အဖေဟာ မိသားစုနဲ့ အလုပ်ကနေ


mgyoe.com

mgyoe.com SAMPLE BOOK

စေးလေလေ ဗိုပြီးကြင်နာနားလည်ပြီး ထောက်ထားစာနာတတ်လာတယ် (ထုတ်ဖော်ပြလာတယ်လို့ ဆိုလိုချင်တာပါ)။ ဥပမာ သက်ဦးဆံပိုင်ဘုရင်ကြီးလို ပေါ့၊ သူ့တိုင်းပြည်ထဲကနေ ထွက်လိုက်တဲ့အခါ သူ့အနေနဲ့ အာဏာပိုင်ဖြစ်နေဖို့ မလိုတော့ဘူး၊ သူ့အနေနဲ့ အောက်ခြေလူထုနဲ့ တစ်သားတည်း ဖြစ်သွားတယ်။ ဖရန်ဇန်ဘာ့စ်မှာ ရိုက်ထားတဲ့ အုပ်စုပုံမှာဆို အဖေက အဲဒီက ခပ်ညှက်ညှက်လူတွေကြားမှာ အရပ်အရှည်ကြီးနဲ့ ပြုံးရွှင်နေတာပဲ။ ဘုရင်တစ်ပါး တိုင်းခန်းလှည့်လည်နေတဲ့ အလားပဲ။ အဲဒီလို လုပ်ခြင်းအားဖြင့် ကလေးတွေလည်း အကျိုးရှိမယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်၊ ဒါကို ကလေးတွေအနေနဲ့လည်း အသိအမှတ်ပြုပေးဖို့တော့ လိုတာပေါ့။ ဒါပေမယ့် သူတို့မှာ ကလေးပဲရှိသေးတဲ့ အတွက် အဲဒီလိုလုပ်ဖို့တော့ မဖြစ်နိုင်လှဘူး။ ကျွန်တော်ဆိုလည်း အဖေ့အာဏာစက်ရဲ့ အနီးဆုံး၊ အကြမ်းတမ်းဆုံး အတင်းကျပ်ဆုံးနေရာမှာ အခုလို တစ်ချိန်လုံး နေစရာမလိုတော့ဘူးပေါ့။

အခုတော့ ကျွန်တော့်မှာ အဖေပြောသလို မိသားစုခံစားမှု မရှိရုံတင် မက အဲဒါနဲ့ ဆန့်ကျင်ဘက် အဆိုးမြင်တွေပဲ များနေခဲ့တယ်။ အိမ်ကနေ ထွက်သွားဖို့ စိတ်ထဲမှာ မဆုံးတမ်း စဉ်းစားနေမိခဲ့တယ်။ ဒါပေမယ့် မိသားစုပြင်ပက လူတွေနဲ့ ဆက်ဆံရေးကလည်း အဖေ့ အာဏာစက်ကြောင့် ပိုပြီး ထိခိုက်ခံစားရတယ်။ ကျွန်တော်က အပြင်လူတွေအပေါ်တော့ ချစ်ခင်ပြီး သစ္စာရှိကာ အဖေနဲ့ မိသားစုအပေါ် အေးစက်ပြီး မရိုးသားဘူးလို့ အဖေထင်နေရင်တော့ အတော်လေးမှားနေပြီ။ ကျွန်တော် ဆယ်ကြိမ်မြောက် ထပ်ပြောပါမယ်၊ ကျွန်တော်ဟာ ဘယ်အခြေအနေမှာမဆို ရှက်တတ်ကြောက်တတ်တဲ့သူ တစ်ယောက် ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် အဲဒီကနေ အခု ကျွန်တော် ရောက်ရှိနေတဲ့ နေရာကို ရောက်ဖို့ အမှောင်လမ်းကို အကြာကြီး ဖြတ်သန်းရတာပါ။ ခု ရေးခဲ့သလောက်အထိ ကျွန်တော့်အနေနဲ့ တမင်ချန်လှပ်ထားခဲ့တဲ့အရာ နည်းနည်းပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ခုကနေ နောက်ပိုင်း ကျွန်တော့်အတွက် (အဖေ့ကိုရော ကျွန်တော့်ကိုပါ) ဝန်ခံဖို့ သိပ်ခက်တဲ့အရာတွေကို ထိန်ချန်ထားလိုက်ပါတော့မယ်။ အဲဒီအတွက် အဖေ့အနေနဲ့ ပုံကားချပ်ကြီးက ဝါးတားတားနဲ့ ဖြစ်နေခဲ့ရင် ဒါဟာ သက်သေအထောက်အထား ကင်းမဲ့နေလို့လို့ မယူဆသင့်ပါဘူး။ အဲဒီအစား အသေးစိတ်အထောက်အထားတွေ များလွန်းရင် ပုံတစ်ပုံလုံး မြင်ရဖို့ ခက်သွားလိမ့်မယ်လို့သာ မှတ်ပါ (အဲဒီ နှစ်ခုကြား အလယ်အလတ် နည်းလမ်းကို ရှာဖို့ မလွယ်လှပါ)၊ ဘယ်လိုပဲ ဖြစ်စေ ဒီနေရာမှာ စောစောက ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောခဲ့တဲ့အချက်ကို ပြန်ပြောလို့ ရပါပြီ။ အဖေရှိနေရင် ကျွန်တော် ကိုယ့်ကိုယ်ကို ယုံကြည်မှုပျောက်ဆုံးပြီး အပြစ်မကင်းတဲ့ စိတ်တွေက အတိုင်းအဆမဲ့ ဝင်လာကြတယ်။ ( အတိုင်းအဆမဲ့ဆိုလို့ တစ်ခါက ကျွန်တော်ရေးခဲ့တာကို သတိရမိပါသေးတယ်၊ အတိအကျပြောရရင်တော့ 'သူ့မှာသေသွားပြီးနောက်တွင်ပင် အရှက်ရမှုက ကျန်နေခဲ့ဦးမလား စိုးမိသည်' ) ကျွန်တော့်မှာ တခြားလူတွေနဲ့ ဆက်ဆံရာမှာလည်း ကိုယ့်ကိုယ်ကို တခြားတစ်ယောက်လို ရုတ်တရက် အသွင်ပြောင်းပြီး ဆက်ဆံလို့ မရခဲ့ဘူး၊ အဲဒီအစား ကျွန်တော့်မှာ သူတို့အပေါ် အပြစ်မကင်းစိတ်တွေ ပိုတောင်ခံစားရပါသေးတယ်။ ကျွန်တော် ပြောခဲ့ပြီးသလိုပေါ့၊ တာဝန်ကို ခွဲယူတဲ့အနေနဲ့ အဖေ ဆိုင်မှာ သူတို့အပေါ် မတရားလုပ်ခဲ့တာတွေအတွက် ကျွန်တော် ကောင်းတာပြန်လုပ်ပေးဖို့ တာဝန်ရှိနေခဲ့တယ်။ သည့်အပြင် အဖေက ကျွန်တော်နဲ့ ဆက်ဆံတဲ့ လူတိုင်းကို (ရှေ့မှာ ဖြစ်စေ၊ ကွယ်ရာမှာ ဖြစ်စေ) ဆန့်ကျင်ဖို့ ရည်မှန်းထားတဲ့အတွက် ကျွန်တော့်မှာ သူတို့ကိုလည်း တောင်းပန်ရပါသေးတယ်။ အိမ်မှာဖြစ်စေ အလုပ်မှာဖြစ်စေ အဖေ ကျွန်တော့်ကို သွတ်သွင်းပေးခဲ့တဲ့ (ကျွန်တော့် ကလေးဘဝမှာ အရေးပါခဲ့တဲ့သူတွေထဲက အဖေ့ ဝေဖန်မှုနဲ့ လွတ်တဲ့သူရှိရင် ပြောပါဦး) လူတွေအပေါ်မယုံကြည်တဲ့စိတ်က အဖေ့အပေါ်မှာတော့ လုံးလုံးမဖိစီးနေဘူး (ရှင်းပါတယ်၊ အဖေက ကြံ့ခိုင်တယ်လေ၊ ဒါကိုက ဖိနှိပ်သူအာဏာရှင်တွေရဲ့ တကယ့်အမှတ်အသားပဲ)။ ကျွန်တော့်လို ချာတိတ်တစ်ယောက်အနေနဲ့ မျက်စိနဲ့ မြင်နေရတာတွေကို အတည်ပြုစရာ ဘယ်မှာမှမရှိခဲ့သလို ပတ်ပတ်လည်မှာလည်း လက်လှမ်းမမီနိုင်လောက်အောင် တော်တဲ့သူတွေပဲတွေ့ရတော့ ကိုယ့်ကိုယ်ကို မယုံကြည်မှုနဲ့ တခြားသူတွေကို အမြဲ စိုးရိမ်ထိတ်လန့်နေမိခဲ့တယ်။ အဲဒီတော့ ယေဘုယျအားဖြင့် အဖေ့ဆီကနေ လွတ်မြောက်နိုင်မှာ မဟုတ်တာ ရှင်းပါတယ်။ ဒီနေရာမှာလည်း အဖေ အမြင်မှားနေတာရှိတယ်။ အဲဒါကလည်း ကျွန်တော်နဲ့ တခြားလူတွေကြား ဆက်ဆံရေးကို အဖေ သိဖို့ မကြိုးစားတဲ့အတွက် ဖြစ်နိုင်ပါတယ်။ အဲဒီအတွက် ကျွန်တော်ဟာ အိမ်တွင်းဘဝမှာ လိုအပ်နေတဲ့အရာကို တခြားကနေ ဖြည့်ဆည်းမှာပဲလို့ မနာလိုမှု သံသယတွေအပြည့်နဲ့ ယူဆထားတယ်။ ဘာကြောင့်ဆို ကျွန်တော့်အနေနဲ့ အပြင်မှာ အိမ်ကပုံစံမျိုးတော့ နေမှာမဟုတ်ဘူးကိုး။ ဒါနဲ့ စကားမစပ် ကျွန်တော်ကလေး ဘဝမှာ ကျွန်တော့် ကိုယ်ပိုင်ထင်မြင်ချက်တွေကို ကိုယ့်ဘာသာ မယုံကြည်တဲ့အပေါ် ဒီနည်းအားဖြင့် တစ်စုံတစ်ရာ ဖြေသိမ့်မှုရခဲ့တယ်။ "မင်းက တခြားလူငယ်တွေလိုပဲ အသေးအဖွဲ အရေးမပါတာ

mgyoe.com